# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉၉)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၉-၃-၂ဝ၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် တပ်တော်ဝင်စစ်ရေယာဉ်များက ဂုဏ်ပြုအလေးပြုကြစဉ်။

# ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄ဝဝဝဝ ရေလုံလွန်းကျင်းဖွင့်ပွဲနှင့် တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနား ကျင်းပ

## စစ်ရေယာဉ်များအား ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေနိုင်

နေပြည်တော် မတ် ၈

တပ်မတော်(ရေ)မှ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄ဝဝဝဝ ရေလုံလွန်းကျင်း ဖွင့်ပွဲအခမ်းအနား၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်များ၏ ရေခဝင်းမင်္ဂလာအခမ်းအနားနှင့် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄ဝဝဝဝ ရေလုံလွန်းကျင်းတည်ဆောက်ရေးအလုပ်ရုံနှင့် ရေတပ်ဆိပ်ခံတံတားတို့၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆ဝ ဖြစ်ပါသည်။ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္လာနေ့။
မန္တလေး

## သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ကဏ္ဍ တိုးတက်ရန်အတွက် သုတေသနဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်လျက်ရှိ

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးနှင့် သုတေသနဖွံ့ဖြိုးရေးသည် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသည့် သုတေသနစွမ်းဆောင်ချက်တစ်ခုသည် နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလေ့လာမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မတ် ၅ ရက် နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စဝေးခန်းမရေဆင်း၌ ကျင်းပသည့် (၃၇)ကြိမ်မြောက် သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

စာတမ်းဖတ်ပွဲကို နှစ်ရက်တာကျင်းပခဲ့ပြီး သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ စာတမ်းပေါင်း ၂၇ စောင် ဖတ်ကြားခဲ့သည်။ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်နှင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးသွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်သူများအားလုံးက ကြိုးပမ်းသွားရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယနေ့ရင်ဆိုင်နေရသည့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ချဉ်းကပ်မှုပုံစံသစ်များဖြင့် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သတ္တုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးနှင့် ရေရှည်တည်တံ့စေသော သတ္တုတူးဖော်မှု(Green Mining and Sustainable Mining)ဖြစ်စေရန်နှင့် ဈေးကွက်ဆိုင်ရာ သုတေသနများအား လေ့လာဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကဏ္ဍ(၃)ရပ်ပူးပေါင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အကျိုးရှိသည့် သုတေသနရလဒ်ကောင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းနှင့် သုတေသီများအနေဖြင့် ဌာနနှင့် နိုင်ငံအတွက် လက်တွေ့အကျိုးရှိစေမည့် အသုံးချသုတေသနရလဒ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်းပိုစတာများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာစာတမ်းရှင်များက သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Research and Development ကဏ္ဍသည် အရေးပါပြီး သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မဟာဝိဇယသာသနာပြု ယောဂီအဖွဲ့ ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ သီလရှင်ဝတ် အလှူတော် ကျင်းပမည်

**မန္တလေး မတ် ၈**

မန္တလေးမြို့၊ မဟာဝိဇယကျောင်းတိုက်နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရနှင့် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နန္ဒက တို့ဦးဆောင်ပြီး မဟာဝိဇယသာသနာပြု ယောဂီအဖွဲ့တို့ စုပေါင်းဆောင်ရွက်သော သတ္တမအကြိမ်စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ သီလရှင်ဝတ် အလှူတော် မင်္ဂလာပွဲကြီးကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဟန်မြင့်မိုရ်ရွာရှိ ရေဦးကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလှူပွဲကြီးတွင် ပင့်သံဃာတော် အပါး ၁၀၀ အတွက် ငွေကျပ်သိန်း ၅၀၊ ရှင်သာမဏေ အပါး ၁၀၀အတွက် တစ်ပါးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ သီလရှင်တစ်ပါးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ဆွမ်းဘောဇဉ်ကပ်လှူမှု ငွေကျပ် ၂၅ သိန်း၊ ဆိုင်းမဏ္ဍာပ်နှင့် မလ္လိကာတန်ဆာအတွက် ကုန်ကျငွေ ကျပ် ၃၃ သိန်းနှင့် ဆန် ၁၂ တင်း၊ ငါးခြောက် ၃၅ ပိဿာ၊ ကြက်သွန်အချိန် ပိဿာ ၁၅၀၊ ဆီ ပိဿာ ၁၀၀ နှင့် အထွေထွေအသေးသုံး ငွေကျပ် ငါးသိန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကုသိုလ်ပါဝင်လှူဒါန်းလိုပါက မဟာဝိဇယဆရာတော် ဖုန်း ၀၉-၄၀၂၆၄၅၈၄၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၁)

## လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ

**မန္တလေး မတ် ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။



ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ဆွမ်းဆန်အလှူရှင် နန်းဦးတိုက်၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား (၁၅၇)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားအာလူးချက်၊ ငရုတ်သီးကြော်တို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၀၀ ကျော်တို့အား ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ ဆရာတော်မှ ဆပ်ပြာမှုန့်ထုပ်များ ဆက်ကပ်ခြင်း၊ ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ် ၃)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

**သင့်ကျန်းမာရေး အတွက်နေ့စဉ် လမ်းလျှောက်ပါ။**

## ခန္တီးမြို့ သက်တမ်းကုန်ရက်လွန်ဆေးဝါးနှင့် စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး လိုက်လံစစ်ဆေး

**ခန္တီး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် မတ် ၄ ရက်နေ့က စားသောက်ကုန်အရောင်းဆိုင်များ၊ ဆေးဝါးပစ္စည်းဆိုင်များတွင် သက်တမ်းကုန်ရက်လွန် ဆေးဝါးနှင့် စားသောက်ကုန်များ ရောင်းချမှု မရှိစေရေး လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ခန္တီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ခန္တီးမြို့တွင်းရှိ စားသောက်ကုန်အရောင်းဆိုင်များ၊ ဆေးဝါးပစ္စည်းဆိုင်များသို့ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ Ready Made အသင့်အစားအစာများ၊ ကြာရှည်ခံစည်သွပ်ဘူးများ၊ ဆေးဝါးများအား အဓိကထား စစ်ဆေးခဲ့ကြကာ သက်တမ်းကုန်နေလျှင် ရောင်းချမှုမပြုလုပ်ရန် မှာကြားခဲ့ပြီး ထိုသို့ လိုက်လံစစ်ဆေးရခြင်းမှာ စားသုံးသူပြည်သူများအား သက်တမ်းကုန်ရက်လွန်အစားအစာ၊ ဆေးဝါးများကြောင့် ဘေးဥပဒ်မဖြစ်စေရန် စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀

၀-၀-၀-၀

## ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံ၌ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား ရောင်းချပေး

**ကျောက်ဆည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများအခြေခံ စားသောက်ကုန်များဝယ်ယူရာ၌ ဈေးနှုန်းချိုသာပြီး အဆင်ပြေစေရန်အတွက် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အပတ်စဉ် ရွေ့လျားစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရှိရပြီး ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အသား၊ ငါးနှင့် စားအုန်းဆီများကို ရောင်းချပေးခဲ့သည်။

ရောင်းချသည့် ကုန်ပစ္စည်းများ အရည်အသွေးပြည့်ဝစေရေး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းရောင်းချခဲ့ကြောင်းသိရှိရပြီး စားအုန်းဆီ တစ်ပိဿာရည်ညွှန်းဈေး ငွေကျပ် ၇၅၁၅ ဖြင့် စားအုန်းဆီ ပိဿာ ၁၀၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၂၆၀၀၀ ဖြင့် ဝက်သား ၃၅ ပိဿာ၊ အမဲသားတစ်ပိဿာ ငွေကျပ် ၂၅၀၀၀ ဖြင့် အမဲသား ၂၅ ပိဿာ၊ ဆိတ်သားတစ်ပိဿာ ငွေကျပ် ၂၈၀၀၀ ဖြင့် ဆိတ်သား ၁၅ ပိဿာ ရောင်းချပေးခဲ့ရာ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် ၁၉၃ ဦး လာရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကမ္ပည်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

✰ ရှေ့ဖုံးမှ

## ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ဖွင့်ပွဲအခမ်းအနား

ဦးစွာ ရေတပ်သင်္ဘောကျင်း ဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တပ်မတော်(ရေ)မှအရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ရေတပ်သင်္ဘောကျင်း ဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလုံလွန်းကျင်း အုပ်ချုပ်မှုအဆောက်အအုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး Shipyard Management Software ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို တည်ဆောက်ရေးအလုပ်ရုံ၌ ဆက်လက်ကျင်းပပြုလုပ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(ရေ) အတွက်သာမက မြန်မာနိုင်ငံတွင်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရလည်းကောင်း အကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကြီးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်သည့် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတွင် ပထမဆုံး စတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားအပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ် (သာလွန်မင်း) နှင့် မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ်များကို လည်း တပ်တော်ဝင်နိုင်မည် ဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူစရာကောင်းပြီး အားသစ်လောင်းသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများ အနက် တစ်ခုအပါအဝင်ဖြစ်ခြင်း၊ ကမ္ဘာ့ကုန်သွယ် ရေယာဉ်ကြီးများ ဝင်ထွက် ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများ ရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားအတွက် အလွန်အရေးပါလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။



ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စာမျက်နှာ ၄ သို့ ✰





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ် ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှုလုပ်ငန်းအား စတင်ပေးစဉ်။

✰ စာမျက်နှာ ၃ မှ

ထို့ကြောင့် ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေး လမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက် ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ် ထူထောင်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့်အနာဂတ်တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များ ကိုယ်တိုင်တည်ဆောက်/ပြုပြင်နိုင်ရန်အပြင် နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများ တည်ဆောက်/ပြုပြင်နိုင်သည်အထိ ရည်သန်၍ ရေလုံလွှန်းကျင်းကြီး တည်ဆောက်နိုင်ရေးကို စဉ်းစားသုံးသပ်ပြီး ၂၀၁၈ ခုနှစ်မှစပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်(ရေ)အနေဖြင့် ရေယာဉ် တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင် ပိုင်နက်စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း။

❖ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင် တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့် အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့

❖ တပ်မတော်(ရေ) အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေး အတွေ့အကြုံကောင်းများ ရှိပြီးဖြစ်သော်လည်း ယနေ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေးနည်းစနစ်များကိုလည်း မျက်ခြည်မပြတ် လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ် ကြိုးစားအားထုတ်သွားရမည်

ယနေ့ ရေခါင်းမင်္ဂလာအခမ်းအနားပြုလုပ်မည့် စစ်ရေယာဉ်များသည် ယခု တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းတွင် စတင်တည်ဆောက်မည့် စစ်ရေယာဉ်များဖြစ်ပြီး အဆိုပါရေယာဉ်များ တည်ဆောက်နိုင်ခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ကာကွယ်ရေးစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေး အတွေ့အကြုံကောင်းများ ရှိပြီးဖြစ်သော်လည်း ယနေ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေး နည်းစနစ်များကိုလည်း မျက်ခြည်မပြတ်လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ်ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်း။

ရေလုံလွှန်းကျင်းကြီးသည် နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းကြီးဖြစ်သည့်အတွက် ရေလုံလွှန်းကျင်းနှင့် ရေလုံလွှန်းကျင်းတွင်ပါသည့် စက်ပစ္စည်း ကိရိယာများကို သက်တမ်းပြည့် စွမ်းအားပြည့် စနစ်တကျ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်လည်ရရှိနိုင်ရေးအတွက် ပြည်တွင်းပြည်ပကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ တည်ဆောက်ပြုပြင်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရေယာဉ်ဗိသုကာနှင့် ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြမည့် တပ်မတော်(ရေ) မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရင်း တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေလုံလွှန်းကျင်းတည်ဆောက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ရေလုံလွှန်းကျင်း တည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူးထံ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရေလုံလွှန်းကျင်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်ရာ ရေလုံလွှန်းကျင်း တည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက လက်ခံရယူသည်။

### ရေငုပ်သင်္ဘော တိုက်ဖျက်ရေးရေယာဉ်များ၏ ရေခါင်းမင်္ဂလာအခမ်းအနား

ဆက်လက်၍ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်များ၏ ရေခါင်း မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ရာ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘော တိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ် ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှု လုပ်ငန်းအား စတင်ပေးခဲ့ပြီး ရေခါင်းမင်္ဂလာကြေးပြားများနှင့် ကိုယ်ထည် အစိတ်အပိုင်းများအား မင်္ဂလာအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၅ သို့ ✰





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် ရေလုံလွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်ရေယာဉ်တည်ဆောက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်၊ တည်ဆောက်ခဲ့မှု ဓာတ်ပုံပြခန်းနှင့် ရေလုံလွန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်၏ သင်္ဘောကျင်းစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ပထမအဆင့်စီမံကိန်းအား ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ လည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်းအား ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လည်းကောင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စစ်ရေယာဉ်များ၊ ဌာနဆိုင်ရာ ပုဂ္ဂလိကရေယာဉ်များအား တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တတိယအဆင့် စီမံကိန်းအား ၂၀၁၉ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် တတိယအဆင့် စီမံကိန်းတည်ဆောက်မှုအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်ရေလုံလွန်းကျင်းတွင် အရွယ်အစားကြီးမားသော စစ်ရေယာဉ်ကြီးများ၊ ကုန်သွယ်ရေယာဉ်များ တည်ဆောက်ခြင်း (သို့မဟုတ်) လွန်းတင် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ့ရေကြောင်းအကျိုးစီးပွားနှင့် နိုင်ငံ့ရေကြောင်းစွမ်းအားတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စစ်ရေယာဉ်များ**
**တပ်တော်ဝင်ခြင်း အခမ်းအနား**

ဆက်လက်၍ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေယာဉ်များ တပ်တော်ဝင် အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်စဉ်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက စစ်ရေယာဉ်များ တပ်တော်ဝင် အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ရေယာဉ်စုမှူးထံသို့ တပ်တော်ဝင် စစ်ရေယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။ ထို့နောက် စစ်ရေယာဉ်များ တပ်တော်ဝင် ဆောင်ရွက်နိုင်ရန်အတွက် တပ်တော်ဝင်တံခွန်အလံများအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်(ရေ)ထံ လွှဲပြောင်းပေးအပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က လက်ခံရယူပြီး သက်ဆိုင်ရာ စစ်ရေယာဉ်မှူးများထံ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံ လွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များဖြစ်သော ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့က အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်တော်ဝင် စစ်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရာရှိ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကိုပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြသည်။

ယနေ့ တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)သည် တပ်မတော်(ရေ) ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံး ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်ကြောင်း၊ အချိန်ကာလ တစ်လကျော်၊ စုစုပေါင်း ခုတ်မောင်းချိန် နာရီ ၂၇၀ ကျော်၊ ခရီးအကွာအဝေးရေမိုင် ၃၅၀၀ ခန့် ခရီးရှည်စမ်းသပ်မောင်းနှင်ခဲ့ပြီး စမ်းသပ်မောင်းနှင်သည့် ခရီးစဉ်အတွင်း စံချိန်စံညွှန်း ပြည့်မီမှုဆိုင်ရာ စမ်းသပ်မောင်းနှင်ခြင်းများ၊ ရေယာဉ်၌ တပ်ဆင်ထားသည့် ကိရိယာများအလိုက် သတ်မှတ် စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်မှုအား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ရေယာဉ်များအား ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**☆ တပ်မတော်(ရေ) စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း) သည် တပ်မတော်(ရေ) ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံး ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်**

**☆ အချိန်ကာလ တစ်လကျော်၊ စုစုပေါင်းခုတ်မောင်းချိန် နာရီ ၂၇၀ ကျော်၊ ခရီးအကွာအဝေးရေမိုင် ၃၅၀၀ ခန့် ခရီးရှည်စမ်းသပ်မောင်းနှင်ခဲ့ပြီး စမ်းသပ်မောင်းနှင်သည့်ခရီးစဉ်အတွင်း စံချိန်စံညွှန်း ပြည့်မီမှုဆိုင်ရာ စမ်းသပ်မောင်းနှင်ခြင်းများ၊ ရေယာဉ်၌ တပ်ဆင်ထားသည့် ကိရိယာများ အလိုက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်မှုအား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဂျိုင်း(ဇာသပြင်)တံတားနှင့် အတ္တရံတံတား ဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသည့် အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

နေပြည်တော် မတ် ၈

နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ - ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်သည့် ကရင်ပြည်နယ် ဘားအံမြို့ ဂျိုင်း(ဇာသပြင်)တံတားအသစ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ အတ္တရံ တံတားအသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဂျိုင်း(ဇာသပြင်) တံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တို့က မင်္ဂလာအချိန်တွင် ဂျိုင်း(ဇာသပြင်) တံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂျိုင်း(ဇာသပြင်) တံတားအသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသည့် အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဂျိုင်း(ဇာသပြင်)တံတားအသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက် ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဂျိုင်း(ဇာသပြင်) တံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အတ္တရံတံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးမျိုးမြင့်တို့က အတ္တရံတံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အတ္တရံတံတားအသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အတ္တရံတံတားအသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ဂျိုင်း(ဇာသပြင်)တံတားအသစ်သည် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏အရှည်မှာ ၂၆၁၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၇၅၀ နှင့် အမြင့်ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ကြောင်း၊ အတ္တရံတံတားသစ်သည်လည်း သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏အရှည်မှာ ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၄၀၀၊ အမြင့်ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း။

အဆိုပါခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်း လူမှုစီးပွားဘဝများနှင့် ပြည်တွင်း /ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ယင်းတံတားများကို အသုံးပြု၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှ တစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါ အထူးစီးပွားရေးဇုန်သို့လည်း ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သကဲ့သို့ အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားကာ ဌာနအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ ခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်းလူမှုစီးပွားဘဝများနှင့် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြမည်

★ ယင်းတံတားများကို အသုံးပြု၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှ တစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့လည်း ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သကဲ့သို့ အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည်

---

○ စာမျက်နှာ ၂၄ မှ

ချုပ် (AFC)မှ အသိအမှတ်ပြုထားသော နည်းပြလောကတွင် အမြင့်ဆုံး အရည်အချင်းစစ်လက်မှတ်တစ်ခု ဖြစ်သည်။

နိုင်ငံတကာ သတ်မှတ်ချက်များအရ ကမ္ဘာ့ဖလားခြေစစ်ပွဲများ၊ အာရှဖလားနှင့် အဆင့်မြင့် ကလပ်အသင်းပြိုင်ပွဲများ(ဥပမာ - AFC Champions League)တွင် အသင်းကို တရားဝင် ကိုင်တွယ်ခွင့်ရရန် ဤ 'Pro' လိုင်စင်မှာ မဖြစ်မနေ လိုအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် AFC/MFF Pro Diploma Coaching Course Module-I သင်တန်းတွင် မြန်မာနည်းပြ ၁၂ ဦး၊ နိုင်ငံခြားသား နည်းပြလေးဦး တက်ရောက်ခွင့်ရပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများတွင် နည်းပြအဖြစ် ဆောင်ရွက်နေသည့် နိုင်ငံခြားသား နည်းပြလေးဦး ပါဝင်နေသည်။ ထို့ပြင် မြန်မာနည်းပြများအဖြစ် မြန်မာ့လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းများတွင် နည်းပြအဖြစ် ဆောင်ရွက်နေသည့် ဦးဇော်ဝင်းထွန်း၊ ဦးစိုးမြတ်မင်း၊ ဦးအောင်ကျော်မိုး၊ ဦးဟန်ဝင်းအောင်၊ ဦးမျိုးမင်းထွန်း၊ ဦးဇော်လင်းထွန်း၊ ဦးအောင်ဇော်မျိုး၊ ဦးမင်းထွန်းလင်း၊ ဦးပေါ်ထွန်းကျော်၊ ဦးကျော်ဖွန်း၊ ဦးရဲဝင့်သူနှင့် ဒေါ်သက်သက်ဝင်းတို့ ဖြစ်သည်။

သင်တန်းကာလကို ၂၀၂၆ ခုနှစ် မတ်လမှ ၂၀၂၇ ခုနှစ် ဇွန်လအထိ တစ်နှစ်ကျော်ကြာမြင့်မည်ဖြစ်ပြီး အပိုင်းငါးပိုင်းခွဲ၍ တက်ရောက်ရမည်ဖြစ်သည်။ သင်တန်း၏ ပထမအကြိမ်ကို ၂၀၂၆ ခုနှစ် မတ် ၈ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၊ ဒုတိယအကြိမ်ကို ၂၀၂၆ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့၊ တတိယအကြိမ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာတွင် ဂျပန်နိုင်ငံ၊ စတုတ္ထအကြိမ်ကို ၂၀၂၇ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ဆော်ဒီအာရေဗျနိုင်ငံ၊ ပဉ္စမအကြိမ်ကို ၂၀၂၇ ဇွန်လတွင် ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြေအသုံးချမှုပြောင်းလဲမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြေအသုံးချမှု ပြောင်းလဲမှုများကို လေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့် လယ်ယာမြေများအား ခွင့်ပြုချက်မရဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများတွင် ခွင့်ပြုချက်မရှိဘဲ မြေအသုံးချနေမှုများကို လေယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကျူးကျော် အခြေချခြင်းများနှင့် တရားမဝင်မြေအသုံးချခြင်းများ မရှိစေရန်၊ မြေအသုံးချနေမှုများ ဥပဒေနှင့်အညီ စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ပြီး မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ တောမီးနှင့် မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်နိုင်ရန် အတွက် လေယာဉ်ဖြင့်လှည့်လည် စစ်ဆေးခြင်း လုပ်ငန်းများကို လည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၈

၂၀၂၅ ခုနှစ် မတ် ၂၀ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။




ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံ၌ကျင်းပခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ အီတလီနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာအသင်းအနေဖြင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုစီနှင့် အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုရရှိခဲ့ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခုလိုအောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခြင်းသည် နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသာမက နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်သည့်အတွက် ယခုလိုဂုဏ်ပြုချီးမြှင့်ပေးရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်အနေဖြင့် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် ၁၉၉၁ ခုနှစ်မှ စတင်၍ ယနေ့ထိ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ် ၂၀ ကျော်၊ ကြေးတံဆိပ် ၃၀ ကျော်၊ အာရှအဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၀ ခုနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၂၀၊ ကြေးတံဆိပ် ၃၀ ကျော်ထိဆွတ်ခူးရရှိထားပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယနေ့ထိ ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၅၀ ကျော်၊ ကြေးတံဆိပ် ၆၀ ကျော်ထိ ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးမင်းမင်းထိုက်က အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခဲ့မှုအခြေအနေများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်ယောက်တွဲအမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ယမုံဇင်၊ ခင်နှင်းဝေနှင့် ဖြူဖြူသန်းတို့အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ လေးယောက်တွဲ အမျိုးသား+အမျိုးသမီးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ခင်နှင်းဝေ၊ ဖြူဖြူသန်း၊ ဖူးဖူး၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် ဇင်ကိုကိုတို့အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် အောင်မျိုးကျော်တို့အတွဲကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်၊ အောင်မျိုးကျော်၊ ဇင်ကိုကို၊ သန့်ဇင်ထွန်းနှင့် သက်ပိုင်စိုးတို့အတွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြအဖွဲ့တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်တို့ကလည်းကောင်း ဂုဏ်ပြုဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရအားကစားသမားများကိုယ်စား ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် တစ်ခု ဆွတ်ခူးရယူပေးခဲ့သည့် အားကစားသမား ခင်နှင်းဝေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ ယနေ့ကျင်းပသည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် စုစုပေါင်း ငွေကျပ် သိန်း ၁၄၄၀ ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား ကျင်းပ

**စဉ့်ကိုင် မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ထန်းတော(အ·ထ·က-ခွဲ) ဘက်စုံသုံးခန်းမ၌ ယနေ့ နံနက် ၉နာရီခွဲက (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပသည်။




ရှေးဦးစွာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းလှိုင်မင်းက အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၃၂ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှစ်သောင်းဖြင့် ပူဇော်ကန်တော့ခဲ့သည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၏ ကိုယ်စား ဆရာကြီး ဦးဝင်းနိုင်နှင့် ဆရာမကြီး ဒေါ်အမာစိန်တို့က ဆုံးမသြဝါဒစကားများ၊ မုဒိတာမေတ္တာစကားများ ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

၄၈၅

**ဂျပန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး** NGB

| | | | |
|---|---|---|---|
| စိန့်ပေါ်လီ | ၀ | - ၀ | ဖရန့်ဖတ် |
| ယူနီယံဘာလင် | ၁ | - ၄ | ဝါဒါဘရီမင် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး** NGB

| | | | |
|---|---|---|---|
| လက်ချီ | ၂ | - ၁ | ခရီမိုနီဆီ |
| ဘိုလော့ဂ်နာ | ၁ | - ၂ | ဗီရိုနာ |
| ဖီအိုရင်တီးနား | ၀ | - ၀ | ပါးမား |
| ဂျီနိုအာ | ၂ | - ၁ | ရိုးမား |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) အနိုင်၊ အရှုံး** NGB

| | | | |
|---|---|---|---|
| လန်းစ် | ၃ | - ၀ | မက်ဇ် |
| ဘရက်စ် | ၂ | - ၀ | မက်ဇ် |
| လိုင်လီ | ၁ | - ၁ | လိုရီးယန့် |

**အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆) အနိုင်၊ အရှုံး** NGB

| | | | |
|---|---|---|---|
| ကျူပီအာ | ၀ | - ၄ | မစ်ဒယ်ဘရော့ |

# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး မတ် ၈**

၂၀၂၆ ခုနှစ် မတ်လ ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၏ ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ ဖိတ်ကြားထားသည့် အသင်း၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip ပြသမှုနှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ အမျိုးသမီးများ၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ ပြည်လုံးချမ်းသာပရဟိတဂေဟာ၊ ဇရိပ်မွန်အမျိုးသမီးကလေးများ ကျောင်းတို့မှ ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နိုင်ငံတကာ AWEN(Cambodia) ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အမျိုးသမီး နှစ်ဦးတို့အားဆုများ၊ လူငယ်ရေးရာ ဦးစီးဌာနမှ အမျိုးသမီးငယ်ရွယ်များအား အသက်မွေးဝမ်းကျောင်းထောက်ပံ့ငွေများ၊ တေးသရုပ်ဖော်အကများဖြင့် ကပြဖျော်ဖြေခဲ့သည့် အမျိုးသမီးအဖွဲ့များအား ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ တရားမျှတမှုနဲ့ အခွင့်အရေးများ ရရှိရေး အမျိုးသမီးများအားလုံး အတွက် ဆောင်ရွက်ပေး (Right.Justice.Action. For All Women and Girls) ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**






# ကြက်သွန်မျိုးပန်းစိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်းပြီး ရိတ်သိမ်း

**မြစ်သား မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကြက်သွန်မျိုးပန်းစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းကာ ဝမ်းသာလျက်ရှိပြီး ပြန်ရောင်းချိန် ဈေးကောင်းရရှိရန် မျှော်လင့်နေကြသည်။

မြစ်သားမြို့နယ် ကြက်သွန်စိုက်တောင်သူများသည် ကြက်သွန်ပေါ်ချိန်တွင် ကြက်သွန်မျိုးကောင်းမျိုးသန့်ရရှိစေရန်ရှယ်ဥခေါ်လုံးဝန်းကြီးမားသည့် ဥများအား ရွေးချယ်ထားကြကာ ကြက်သွန်မျိုးပန်းစိုက်ပျိုးချိန်တွင် စိုက်ပျိုးကြကြောင်း၊ တန်ဆောင်မုန်းလတွင် မျိုးပန်းကြက်သွန်ဥများ စတင်စိုက်ပျိုးကြကြောင်း သိရပြီး စိုက်ပျိုးပြီး တစ်လခန့်ကြာလျှင် ကြက်သွန်ဥမှ မဏ္ဍိုင်ခေါ်စိန်ဖူးသဏ္ဌာန်ကြက်သွန် အဖူးထွက်လာကြောင်း၊ ကြက်သွန်မျိုးပန်းကြက်သွန်ဖူးထွက်လေ့ရှိကြောင်း ငါးဆူအုပ်စု၊ ရွှေကြာအင်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးဝင်းမြင့်က ရှင်းပြသည်။

မျိုးစေ့ကြက်သွန်များကို မိုးမကျမီအချိန်တွင် ဆွတ်ခူးကာနေလှန်း၍ ကြက်သွန်မျိုးစေ့ထုတ်ယူပြီး လုံခြုံသောပုံးများဖြင့် ထည့်ထားပေးရသည်။ ဆောင်းကြက်သွန်ခေါ် လှော်ကြက်သွန်စိုက်ပျိုးချိန်တွင် ကြက်သွန်မျိုးစေ့များ အရောင်းအဝယ်ဖြစ်ကြပြီး ကြက်သွန်မျိုးစေ့ တစ်ပြည်လျှင် ငွေကျပ် တစ်သိန်းအထိအရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား မျိုးကြက်သွန်စိုက်ပျိုးတောင်သူများ ကြက်သွန်နီမျိုးစေ့များ၊ ကောင်းမွန်စေရန်နှင့် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ၊ မျိုး၊ ပိုး) တာဝန်ခံဝန်ထမ်းများကလည်း မြို့နယ်အတွင်းရှိ တောင်သူများအား မြေဆီလွှာကောင်းမွန်စေရန် လုပ်ဆောင်ရမည့်နည်းစနစ်များ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရန်နည်းလမ်းများနှင့် အခြေခံသီးနှံစိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းပညာပေးခြင်းများ လုပ်ဆောင်ပေးနေကြောင်းသိရသည်။

မြစ်သားမြို့နယ် ကြက်သွန်စိုက်တောင်သူများသည် ကြက်သွန်မျိုးများအား ကိုယ်တိုင်မျိုးကောင်းမျိုးသန့်ရွေးချယ်ကာ ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် ကြက်သွန် အထွက်နှုန်းကောင်းမွန်ကြကြောင်းသိရပြီး ကြက်သွန်မျိုးပန်းပျိုးထောင်ကြသည့် မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော လက်ပံဆိပ်ကျေးရွာ၊ ကူဖြူကျေးရွာ၊ နီပါးကုန်းကျေးရွာ၊ နဲ့ဝဲကျေးရွာ၊ ကဆွန်ကျေးရွာ၊ လမ်းခွကျေးရွာ၊ ပေါ်မောကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ အုပ်ရှစ်ကုန်းကျေးရွာ၊ တလိုင်းကုန်းကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ သမတန်းကျေးရွာ၊ ငါးဆူကျေးရွာ၊ ရွှေပေါက်ကျွန်းကျေးရွာ၊ ကျန်တောကျေးရွာ၊ ကုက္ကိုကုန်းကျေးရွာ၊ ရွှေကြာအင်းကျေးရွာ၊ ကုက္ကိုစုကျေးရွာတို့တွင် ကြက်သွန်မျိုးပန်းစိုက်တောင်သူများသည် ကြက်သွန်မျိုးပန်းစေ့အောင်မြင်ဖြစ်ထွန်းခြင်းကြောင့် ကြက်သွန်မျိုးပန်းစေ့ထုတ်ယူရောင်းချချိန် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



# စစ်ကိုင်းနည်းပညာတက္ကသိုလ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း မတ် ၈**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းနည်းပညာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထက်ယမင်းအောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ထက်အောင်က ဌာန၏ လုပ်ဆောင်ချက်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးလှိုင်မိုးအောင်က သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး စသည့်အကြောင်းအရာများကို အသီးသီးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မီးခိုးမြူငွေ့ လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုဆိုင်ရာ PM2.5 အသိပညာပေး Video Clip ကို ပြသခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အခမ်းအနားသို့တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့မဈေး မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မြို့နယ်လျှပ်စစ်၊ စည်ပင်ဈေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ မတ် ၈ ရက် ညနေ ၄ နာရီက နေ့စဉ်ဈေးသိမ်းချိန်တိုင်း ဆိုင်ခန်းအတွင်း လျှပ်စစ်မီးများစနစ်တကျအသုံးပြုရေး၊ မီးခလုတ်များ သေချာပိတ်စေရန်၊ မီးသတိပေးနှိုးဆော်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့စဉ်။

**ကဆ**



## လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် မတ် ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၆ ရက် နံနက် ၁၀ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)ကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ၊ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ၊ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

## မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**အမရပူရ မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး အတွက် ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက် နံနက်ပိုင်းက တက္ကသိုလ်ဝင်တန်းကျင်းပမည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနအနီးတွင် မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကျင်းပမည့် စာစစ်ဌာနများအနီးတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးကြိုးနှင့် မိန်းခလုတ်ခုံများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရန် ရေရရှိနိုင်မှုအခြေအနေများ၊ ကြိုတင်ကာကွယ်ရေးပစ္စည်းများအား စစ်ဆေးခြင်းနှင့် 191 Application အသုံးပြုပုံများအား ရှင်းလင်းပြသခြင်း၊ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းအကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်း၊ အသိပညာပေးဟောပြောခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်ခြင်း၊ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်ဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၀၈၄)





## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**လွိုင်လင် မတ် ၈**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၆၂ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီအထိ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ တက်ပူကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ မိနစ် ၄၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ နားမွန်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၈ နာရီ မိနစ် ၄၀ မှ နံနက် ၁၁ နာရီအထိ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လိုက်ကတူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၇ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ နမ့်ဖာမူကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၉ ဧကခန့်အား အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူ

**ကျိုင်းတုံ မတ် ၈**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့နယ်၊ နောင်လျဲန်ကျေးရွာနေ ဦးအောင်ဇော်နောင်(၃၄)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN X-TRAIL မော်တော်ယာဉ်နှင့် ကျိုင်းတုံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ကိုထွန်းထွန်းဝင်း(၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN X-TRAIL မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်ဇော်နောင်နှင့် ထွန်းထွန်းဝင်းဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ပေါင်းပိန်းလုံခြုံရေးဂိတ်၌ ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ခေါင်တိုင်ကျေးရွာမှ တောင်လေးလုံးကျေးရွာဘက်သို့ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ရတနာရပ်ကွက်နေ ဦးလီရှိန်လီ(ခ)ရန်နိုင်ဦး(၃၄)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လီရှိန်လီ(ခ)ရန်နိုင်ဦးဆိုသူအား ညောင်ရွှေမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စလင်းမြို့နယ်၊ သီးကုန်းကျေးရွာ၌ တရားမဝင် လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာကို ယမန်နေ့ လောင်းကစား ဥပဒေအရ သိမ်းဆည်းအရေးယူ ဆောင်ရွက်ခဲ့ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ရေဦးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၅ ဒသမ ၅ ဂါလန်၊ ဒီဇယ်ဆီ ၁၅ ဂါလန်ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



တရားမဝင် စက်သုံးဆီများ

## ကျွန်တော်နှင့်--- ရတနာပုံစီမံထူးချွန်ဆုများ

**DE ဦးသန်းမြင့်ရေ…**

မန္တလေးတိုင်းဒေသကြီးထဲမှာ သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ကပ်ဘေးတွေ (Covid-19)၊ ရာဂီမုန်တိုင်းတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ ၂၈-၃-၂၀၂၅ မှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်ဘေးတို့စသည်ဖြင့် ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီးထဲမှာ ဒီကပ်ဘေးကြီးတွေကို ခံစားခဲ့ရပါတယ်ခင်ဗျာ။ ဒီလိုခံစားခဲ့ရတဲ့နေရာမှာ မန္တလေးတိုင်းမှာရှိတဲ့ ပြည်သူလူထုတွေနဲ့ ဝန်ထမ်းတွေအားလုံးပေါင်းပြီးတော့ ဒီကပ်ဘေးကြီးတွေကို ကြံ့ကြံ့ခံတွန်းလှန်ခဲ့ကြတဲ့ သာဓကတွေရှိပါတယ်။ ဒီလိုနိုင်ငံတော်အတွက်၊ တိုင်းဒေသကြီးအတွက်၊ ပြည်သူတွေအတွက် လိုအပ်တဲ့အခြေအနေမှာ သူ့တာဝန်ကိုယ့်တာဝန်မခွဲခြားဘဲနဲ့ အင်တိုက်အားတိုက်နဲ့ စိတ်ရောကိုယ်ပါ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြတဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေအများကြီးကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်မှာ ဂုဏ်ပြုပွဲလေးကျင်းပပေးခဲ့ပါတယ်။ အားလုံး ၂၇၈ ဦး ရှိပါတယ်။ ဒီဂုဏ်ပြုပွဲအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ လူပုဂ္ဂိုလ်တွေ၊ ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာဝန်ကြီးတွေကနေပြီးတော့ ရွေးချယ်ပြီးတော့ စိစစ်ပြီးတော့တင်ပြရပါတယ်။ ဒီလိုစိစစ် ပြီးတင်ပြခဲ့တဲ့ စာရင်းတွေထဲမှ နောက်ဆုံးဆန်ခါတင် ရွေးချယ်ပြီးတော့မှ ဂုဏ်ပြုပွဲလေးမှာ ပေးအပ်ခဲ့တာဖြစ်ပါတယ်။

**DE ဦးသန်းမြင့်ရေ…**

ဒီလိုဆုပေးပွဲမျိုးကို တိုင်းဒေသကြီးအစိုးရအသီးသီးတွေမှာ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅၊ ၂၀၁၆နှစ်တွေတုန်းက ကိုရာဇာဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှာ ညွှန်ကြားရေးမှူးနဲ့တာဝန်ထမ်းဆောင်နေတဲ့ အချိန်တုန်းက ဧယျာစီမံထူးချွန်ဆု၊ ဧယျာစီးပွားထူးချွန်ဆု၊ ဧယျာလူမှုထူးချွန်ဆုစသည်ဖြင့် အဲ့ဒီလိုဆုပေးတာတွေကို တွေ့ရှိခဲ့ရပါတယ်။ ကိုရာဇာတို့ရဲ့ ညီငယ်၊ ညီမငယ်တွေလည်း ဆုတွေရရှိခဲ့ပါတယ်။ အခုချိန်မှာတော့ ကိုရာဇာတို့က ရတနာပုံစီမံထူးချွန်ဆုပထမအဆင့်ကို ရရှိခဲ့တာဖြစ်ပါတယ်။ ကိုရာဇာအနေနဲ့တော့ ကပ်ဘေးကြီးတွေထဲမှာဆိုရင် ရာဂီမုန်တိုင်းနဲ့ မန္တလေးငလျင်ကြီးကိုတော့ မှီခဲ့ပါတယ်။ ကိုရာဇာတို့အနေနဲ့ မန္တလေးငလျင်ကြီးမှာ အင်ဂျင်နီယာအသင်းကို ဦးဆောင်တာရယ် နောက်တစ်ခါ အင်ဂျင်နီယာတက္ကသိုလ်တွေ၊ အင်ဂျင်နီယာကောလိပ်။ သိပ္ပံတွေ ၊ အင်ဂျင်နီယာကျောင်းတွေ၊ အင်ဂျင်နီယာဌာနတွေကို ဦးဆောင်တာရယ် ဒီငလျင်ကြီးမှာ level-1, level-2 စသည်ဖြင့် accessment တွေကို ကောက်တဲ့နေရာမှာ စွမ်းစွမ်းတမံဆောင်ရွက်ပြီးတော့ စာရင်းကောက်ခံခဲ့ပါတယ်။ စာရင်းကောက်ခံခြင်းလုပ်ငန်းတွေကို စွမ်းစွမ်းတမံကောက်ခံပြီးတော့ လိုအပ်တဲ့ဒေတာတွေ ၊ လိုအပ်တဲ့ accessment တွေကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်သည့်အတွက်ကြောင့် ဒီဆုကိုရရှိခြင်းဖြစ်တယ်လို့ ခံယူမိပါတယ်။

**DE ဦးသန်းမြင့်ရေ…**

အချုပ်အားဖြင့် တင်ပြလိုတာကတော့ ကပ်ဘေးကြီးတွေကြုံလာတဲ့အချိန်မှာ သူ့တာဝန်ကိုယ့်တာဝန်မခွဲခြားဘဲနဲ့ လူသားတွေအားလုံးမှာ တာဝန်ရှိတာနှင့်အညီ စွမ်းစွမ်းတမံဝိုင်းဝန်းပြီးတော့ ပူးပေါင်းကြရင်၊ ဖြေရှင်းကြရင် ဒီကပ်ဘေးကြီးတွေကို ကျော်လွှားနိုင်မှာ ဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြရင်းနဲ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ရဲ့ ထုံးစံနှင့်အညီ ကုသိုလ်လဲရတယ်၊ ပရဟိတလုပ်ငန်းတွေလဲဖြစ်တယ်၊ အသက်ကယ်တဲ့လုပ်ငန်းတွေလဲ ဖြစ်တယ်။ ဒီလိုကပ်ဘေးတွေမှာ ကျရာတာဝန်၊ ရောက်ရာနေရာကနေပြီးတော့ ဦးလည်မသုန်စွမ်းစွမ်းတမံဆောင်ရွက်ကြရခြင်းဟာ လူသားတွေရဲ့ အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြလိုခြင်း ဖြစ်ပါတယ်ခင်ဗျာ။

အခမ်းအနားမှာ ပရဟိတဆောင်ရွက်တဲ့သူတွေ၊ မီးသတ်ဝန်ထမ်းတွေ၊ အရန်မီးသတ်တွေ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူတွေဟာ ရတနာပုံစီမံထူးချွန်ဆု၊ ရတနာပုံစီးပွားထူးချွန်ဆု၊ ရတနာပုံလူမှုထူးချွန်ဆုတွေကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဆိုပြီးတော့ ခွဲခြား၍ ဆုချီးမြှင့်ခြင်းခံခဲ့ရပါတယ်။

**DE ဦးသန်းမြင့်ရေ…**

ကပ်ဘေးကြီးတစ်ခုဖြစ်ပွားတာနဲ့ တစ်ပြိုင်နက်

၁။ လူ့အသက်၊ သတ္တဝါများ၏အသက်များ ကယ်ဆယ်ခြင်း

၂။ ဘေးဒုက္ခသည်များအား နေရာချထားခြင်း (refugee camps)

၃။ အန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အတားအဆီးများ၊ အပျက်အစီးများအား ရှင်းလင်းခြင်း

၄။ မူလနေရာများတွင် ယာယီနေထိုင်နိုင်ရန် ပြင်ဆင်ပေးခြင်း(modular house/ရွက်ဖျင်တဲများ ဆောက်လုပ်ပေးခြင်း)

၅။ အမြဲတမ်းအဆောက်အအုံများ ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သည့် အကူအညီများအား တစ်ဆင့်ချင်းတစ်ဆင့်ချင်း(step by step)ဆောင်ရွက်ပေးခြင်း

စသည့်လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုခြင်းဖြစ်ပါတယ်ခင်ဗျာ။

ရွှေဇင်

## သက်ရှိသက်မဲ့အရာဝတ္ထုပစ္စည်းများကို ရုပ်လုံးရုပ်ကြွပေါ်လွင်အောင် ထုဆစ်ပုံဖော်ကြသော ပန်းပုအတတ်ပညာ




မင်းဘူး မတ် ၈

ပန်းပုပညာသည် သစ်သား၊ သံ၊ ကြေး၊ သတ္တု၊ မြေစိုင်၊ ဆင်စွယ်၊ အုတ်၊ အင်္ဂတေနှင့် အရိုးအမျိုးမျိုးကို ရုပ်လုံးရုပ်ကြွပေါ်လွင်အောင် ထုဆစ်ပုံဖော်ထားခြင်းဖြစ်သည်။ ပန်းပုပညာတွင် အလွန်ရှေးကျသော သစ်သားပန်းပုလက်ရာများကို တွေ့မြင်ရန်ခက်ခဲလှသည်။ သံ၊ ကြေးတို့ဖြင့် ပြုလုပ်သော ပန်းပုလက်ရာများကိုသာ အတွေ့ရများသည်။ အဘယ်ကြောင့်ဆိုသော် သစ်သားသည် ကျောက်၊ သံ၊ ကြေးတို့ကဲ့သို့ နှစ်ပေါင်းထောင်နှင့်ချီ၍ မတည်တံ့နိုင်သောကြောင့် ဖြစ်သည်။

ရှေးအကျဆုံးသော ပန်းပုလက်ရာတစ်ခုကို အီဂျစ်နိုင်ငံ၌ တွေ့ရပြီး၊ ခရစ်တော်မပေါ်မီ အနှစ် ၄၀၀၀ ခန့်က လက်ရာဟု ခန့်မှန်းရ၍ ထုလုပ်သည့်ပုံစံနှင့်အဆင့်အတန်းမှာ မြင့်မားလှသည်ကို တွေ့ရှိကြရသည်။

ရှေးအခါက သစ်သားပန်းပုအတတ်ကို သစ်ပေါသောနိုင်ငံ၊ သစ်အလွယ်တကူရနိုင်သော နိုင်ငံများ၌ ခေတ်စားထွန်းကားခဲ့ပြီး ဂရိနှင့်ရောမနိုင်ငံတို့တွင် သစ်သားပန်းပုလက်ရာများကို မတွေ့ရှိရသော်လည်း ရှေးစာပေများတွင် သစ်သားပန်းပုနှင့်စပ်လျဉ်းသော အကြောင်းခြင်းရာများပါရှိသဖြင့် ဂရိနှင့်ရောမနိုင်ငံတို့၌လည်း သစ်သားပန်းပုအတတ်ပညာအထင်အရှားရှိသည်ဟု ယူဆကြသည်။

ဥရောပတိုက်တွင် သစ်သားပန်းပုအတတ်ပညာကို အလယ်ခေတ်၌ အထွန်းကားဆုံးဖြစ်ခဲ့ပြီး အလယ်ခေတ် အကောင်းဆုံး သစ်သားပန်းပုလက်ရာများကို စကင်ဒီနေးဗီးယန်းတိုင်းပြည်များ၏ ဤဆောက်အအုံတံခါးများတွင်တွေ့ရှိရ၍ ခရစ်နှစ် ၉ ရာစုမှ ၁၃ ရာစုနှစ်များအတွင်းက လက်ရာများဖြစ်သည်။ ထိုလက်ရာများမှာ ထင်းရှူးသားဖြင့် ပြုလုပ်ထား၍ ရုပ်လုံးများ၊ ပန်းလိပ်အခွေအတွန့်များဖြင့် တန်ဆာဆင်ထားသည်။ ၁၄ ရာစုနှင့် ၁၅ ရာစုနှစ်များတွင် သစ်သားပန်းပုအတတ်ပညာသည် ပြင်သစ်၊ ဂျာမဏီ၊ အီတလီနှင့်အင်္ဂလန်တို့၌အလွန်ခေတ်စားခဲ့လေသည်။

ထိုခေတ်က အကောင်းဆုံး လက်ရာများကို ဘုရားဝတ်ကျောင်းများအတွင်းရှိ အပြင်အဆင်၊ အသုံးအဆောင်များတွင် တွေ့ကြရသည်။ သူတော်စင်များ၏ ရုပ်ပုံများနှင့် သင်္ချိုင်းအုတ်ဂူပေါ်မှ ရုပ်ပုံများကိုလည်း သစ်သားဖြင့်ပင်ထုလုပ်ခဲ့ကြသည်။ အီတလီနိုင်ငံတွင် အဆောက်အအုံမျက်နှာကြက်များမှ သစ်သားပန်းပုလက်ရာများမှာ အဆန်းတကျယ်ထုလုပ်ထားကြသော်လည်း ပညာသားမပါပေ။ ဆွစ်ဇာလန်နိုင်ငံတွင် နံရံကပ်နာရီအိမ်များ၊ အိမ်ထောင်ပရိဘောဂများတွင် သစ်သားပန်းပုလက်ရာများဖြင့် မွမ်းမံထားကြသည်ကိုတွေ့ရပြီး ပြင်သစ်နိုင်ငံက ကျေးလက်ဒေသများတွင်လည်း သစ်သားပန်းပုအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများရှိသေးသည်။

မြန်မာနိုင်ငံတွင် အင်းဝခေတ်နောက်ပိုင်း၌လည်း သစ်ပန်းပုအတတ်သည် ဆက်လက်ထွန်းကားကြောင်းကို ၁၀၁၂ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက်တွင် ရေးထိုးသော သာလွန်မင်းတရားကြီး၏ ကောင်းမှုဖြစ်သည့် စစ်ကိုင်းမြို့၊ ရာဇမဏိစူဠာစေတီခေါ် ကောင်းမှုတော်ကြီး၏ ကျောက်စာစာကြောင်းရေ ၃၈၊ ၃၉တွင် "ထိုမှတစ်ပါးလည်း၊ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော၊ ရေတွက်ခြင်းငှာမတတ်နိုင်သော၊ သစ်ရုပ်တုတို့ကိုလည်း၊ ကျမ်းဂန်နှင့်အညီအစီအစဉ်သင့်စွာ ဌာပနာတော်မူ၏" ဟုပါရှိသည်။ ယင်းသည်ကို ထောက်၍ ဘုရားဌာပနာများတွင် သစ်သားရုပ်တုများလည်း ထုလုပ်ထားရှိကြကြောင်းသိရသည်။

အိန္ဒိယယဉ်ကျေးမှုပညာရပ်များသည် တကောင်းအဘိရာဇာခေတ်ကပင် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာခဲ့ရာ ပန်းပုအတတ်ပညာလည်းပါဝင်ခဲ့သည်။ ပုဂံခေတ်တွင် ပန်းပုအတတ်ပညာအဆင့်အတန်းတိုးပွားလာခဲ့ရာ ဘုရားပုထိုးများတွင် ရုပ်လုံးရုပ်တုများစွာကိုတွေ့ရှိရပြီး ပုဂံပြည့်ရှင်ကျန်စစ်သားဘုရင် နတ်ရွာမစံမီ နာမကျန်းဖြစ်နေခိုက် သားတော်ရာဇကုမာရ်သည် ထီးမွေနန်းမွေ အရိုက်အရာကို မရရှိသော်ငြားလည်းခမည်းတော်၏ ကျေးဇူးတရားကိုအောက်မေ့၍ ရွှေဖြင့်ထုလုပ်အပ်သော မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်တစ်ဆူပြုလုပ်၍ ခမည်းတော်အတွက် ထိုဆင်းတုတော်ကို ပူဇော်ကြောင်း မြစေတီကျောက်စာ၌ အထင်အရှားဖော်ပြပါရှိသည်။

မြန်မာလူမျိုးတို့သည် အဆောက်အအုံများ၌ ထုပ်၊ ယောက်၊ ဒုရင်၊ ပန်းဆွဲ၊ တိုင်ပုံ၊ ပြာသာဒ်များမှအစ အုန်းမှုတ်၊ ရေသောက်ခွက်ရိုးကိုင်း၊ ရေချမ်းစင်၊ ယောက်မ၊ လှေကားဦး၊ လှည်းဦးငှက်၊ ပွဲတုံး၊ မောင်းတိုင်၊ အုန်းမောင်း၊ ကလာပ်ခြေစသော လူသုံးပစ္စည်းများအထိ သစ်သားပန်းပုလက်ရာများဖြင့် ရုပ်လုံးရုပ်ကြွဖော်ခဲ့ကြသည်။

ယင်းသို့ ရုပ်လုံးဖော်ကြရာ၌ ဇာတ်နိပါတ်တော်များမှ သရုပ်ဖော်ခန်းများ၊ လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ သိကြားရုပ်၊ ဘီလူးရုပ်၊ ဂဠုန်၊ နဂါး၊ ကိန္နရီကိန္နရာရုပ်များအပြင် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များနှင့် ဆင်ရုပ်၊ ခြင်္သေ့ရုပ်စသည့် တိရစ္ဆာန်ရုပ်များ၊ ပန်းခက်၊ ပန်းပြောက်၊ အနုအယဉ်၊ အနွယ်အလိပ်များကို ကြွရွသောလက်ရာများဖြင့် ပုံစံအမျိုးမျိုးထုလုပ်ထားကြသည်ကို မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားတန်ဆောင်းနှင့် ဘုန်းကြီးကျောင်းများ၌ တွေ့ရသည်။

ရှေးခေတ် ဘုရားတန်ဆောင်းနှင့်ဘုန်းကြီးကျောင်းများ၌ တွေ့ရသော သစ်သားပန်းပုလက်ရာများမှာ ကနုတ်ပန်း၊ ယိုးဒယားပန်း၊ ခြူးပန်းတို့ဖြင့် ခြင်္သေ့၊ ကိန္နရီကိန္နရာ၊ နတ်၊ ဗြဟ္မာ ၊ တိုးနရား၊ ခြူး၊ ဘီလူး၊ နဂါး၊ ဂဠုန်၊ ဟင်္သာစသော ပန်းပုရုပ်များကို ရုပ်လုံးရုပ်ကြွပေါ်လွင်အောင် ရွှေပိန်းချ၍သော်လည်းကောင်း၊ ဆေးရောင်ခြယ်၍ သော်လည်းကောင်း ခြယ်သကာပြသထားကြသေးသည်။

(၅၀၄)






## မန်ယူအသင်းတွင် ဆက်ရှိသွားမည်ဟု မေဆန်မောင့် အတည်ပြု

**လန်ဒန် မတ် ၈**

မန်ယူအသင်း ကွင်းလယ်ကစားသမား မေဆန်မောင့်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား မေဆန်မောင့်သည် မန်ယူအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ ပွဲ ကစားကာ ခုနစ်ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ မေဆန်မောင့်က "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားချင်ပါသေးတယ်" ဟု ပြောသည်။ **(NGB)**



## ဖိုဒန်ကို စာချုပ်သက်တမ်းတိုးရန် မန်စီးတီးအသင်း အလျှင်အမြန် စီစဉ်

**လန်ဒန် မတ် ၈**

မန်စီးတီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဖိုဒန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်စီးတီးအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဖိုဒန်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၇ ပွဲ ကစားပြီး ဂိုး ၁၁၀ သွင်းယူထားသည်။

မန်စီးတီးအသင်းထုတ်ပြန်ချက်တွင် "ဖိုဒန်ကို စာချုပ် သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**

## 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Coco Gauff တက်ရောက်

**မိုင်ယာမီ မတ် ၈**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဥဇဘက်ကစ္စတန်တင်းနစ်မယ် Kamilla Rakhimova အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ယာပုံ) (NGB)**





## ရိုင်ယန်ဂရေဗန်ဘာ့ချ်ကို လီဗာပူးအသင်းနှင့် ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မတ် ၈**

လီဗာပူးအသင်းသည် အသင်းကွင်းလယ်ကစားသမား ရိုင်ယန်ဂရေဗန်ဘာ့ချ်ကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၃ ပွဲကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ရိုင်ယန်ဂရေဗန်ဘာ့ချ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားဆုံး အသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**ပါရီ မတ် ၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။



ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် လန်းစ်အသင်းနှင့် တူးလော့စ်အသင်း၊ စထရာဘော့စ်အသင်းနှင့် နိစ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ **(အပေါ်ယာပုံ)**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို လာမည့် ဧပြီ ၂၂၊ ၂၃ ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလားချန်ပီယံဆုအား ဆွတ်ခူးရန် လန်းစ်အသင်းက ရေပန်းစားလျက်ရှိသည်။ **(NGB)**

## ဆာမြူရယ်အမီဆာကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် မတ် ၈**



ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဖူလ်ဟမ်အသင်း နောက်ခံကစားသမား ဆာမြူရယ်အမီဆာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသောကြောင့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဖူလ်ဟမ်အသင်းကလည်း ဆာမြူရယ်အမီဆာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းတစ်ရပ် ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဖူလ်ဟမ်အသင်းထံမှ ဆာမြူရယ်အမီဆာကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## လင်ဂတ် ကိုရင်သီယန်အသင်းတွင် ကျောနံပါတ်(၇၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် မတ် ၈**

ကွင်းလယ်တိုက်စစ်ကစားသမားသစ် လင်ဂတ် ကိုရင်သီယန်အသင်းတွင် ကျောနံပါတ် ၇၇ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ကိုရင်သီယန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား လင်ဂတ်သည် ကစားသမားဘဝတစ်လျှောက်တွင် မန်ယူ၊ ဒါဘီ၊ နော်တင်ဟမ်၊ ဝက်စ်ဟမ်း၊ လက်စတာ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ကိုရင်သီယန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ လင်ဂတ်က "ကျွန်တော် ကိုရင်သီယန်အသင်းတွင် ကျောနံပါတ်(၇၇)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၃-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၁၁)လာဇီယို - ဆက်ဆူအိုလို(၉)<br>(W,L,D,L,D) (W,L,W,W,W) | လာဇီယို ၁-၁ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၀-၂ လာဇီယို ၂၀-၂၄ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၃-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၇)အက်စ်ပန်ညို - အိုဗီဒို(၂၀)<br>(L,L,D,L,D) (W,L,D,L,L) | ———— |

### အင်္ဂလိပ်အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁၀-၃-၂၀၂၆<br>နံနက် ၀၂း၀၀ နာရီ | ဝက်စ်ဟမ်း - ဘရန့်ဖို့ဒ်<br>(ပရီးမီးယားလိဂ်-၁၈) (ပရီးမီးယားလိဂ်-၇) | ဝက်စ်ဟမ်း ၀-၂ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၁-၁ ဝက်စ်ဟမ်း |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၃-၂၀၂၆<br>တနင်္လာနေ့ | ညနေ ၄း၀၀ နာရီ | (၉)သစ္စာအားမာန် - ဒဂုံ(၃)<br>(D,L,D,D,W) (D,W,W,W,W) | သစ္စာအားမာန် ၁-၂ ဒဂုံ<br>ဒဂုံ ၃-၁ သစ္စာအားမာန် |



## မီးဘေးအန္တရာယ်အကြောင်းအသိပညာပေးရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်း ကျင်းပ

**မကွေး မတ် ၈**

မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအသိပညာပေးရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနရုံးဝင်း အတွင်း ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှအရာထမ်း၊ အမှုထမ်း ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးပစ္စည်းဖြစ်သော မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး သရုပ်ပြသခြင်း၊ '191' Application အသုံးပြုပုံ၊ Gas Fire သရုပ်ပြခြင်း၊ ဆီမီးလောင် ငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ရာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ သေချာစွာလိုက်နာဆောင်ရွက်သွားကြရန်နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် Power Point Presentation ဖြင့် အသိပညာပေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*

## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ကွင်းဆင်းစစ်ဆေး၊ တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့များနှင့် တွေ့ဆုံ

**မန္တလေး မတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်သည် မတ် ၆ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၃၅လမ်းရှိ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် တွေ့ဆုံခဲ့သည်။ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က သောက်ရေသန့်၊ စားသုံးဆီ၊ ကလေးအာဟာရမှုန့်များကို နမူနာကောက်ယူစစ်ဆေးသွားမည်ဖြစ်ပြီး ပြင်ဦးလွင်ဒေသ ကော်ဖီနှင့် ပိုင်လုပ်ငန်းများကိုလည်း ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်နှင့်အညီ ထုတ်လုပ်နိုင်ရေးပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရ်ရိုး၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်က မန္တလေးတိုင်းဒေသကြီးအတွင်း အစားအသောက်၊ ဆေးဝါး၊ဆေးပစ္စည်း၊ အလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှုများအားလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံဌာန၊ သန့်ရှင်းရေးဌာနနှင့် ဈေးနှင့် သားသတ်ဌာနတို့မှ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မွန်းလွဲပိုင်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး)မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများက ဌာနစိတ်အလိုက်လိုအပ်မှုများကို တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားပြီး မန္တလေးရုံးခွဲအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

*-*-*-*-*



## ပေါင်းလဲဘုရားပရိဝုဏ်အတွင်းရှိ စေတီတော်တစ်ဆူပြုပြင်ရန်အတွက် အလှူငွေလှူဒါန်း

**မန္တလေး မတ် ၈**

မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ပိုင်း ပေါင်းလဲရွှေသာလျောင်းဘုရားပရိဝုဏ်အတွင်းရှိ (ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီး)သွားသော စေတီတော်တစ်ဆူအား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းခြင်းကို ဂေါပကရုံးခန်း၌ ယနေ့နံနက်က ကျင်းပရာ အလှူရှင် ကိုမောင်မောင်နိုင်+မထူးထူးဆိုင် (သား)ပြည့်စုံမောင်မောင်၊(သမီး) သီရိဆုမြတ်မောင်မောင် ဇီဇဝါနီ (ပဒင်း-မိသားစု)မှ ငွေကျပ် သိန်း ၅၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်ဇော်(မိဘမေတ္တာ)၊ ဦးဂွမ်ချို(ခ)ဦးစောနိုင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်(ရွှေလက်ရာ)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရွှေသာလျောင်းပေါင်းလဲဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစကလေးငယ်များ၊ အသက် နှစ်နှစ်ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးများထိုးနှံပေး

**မန္တလေး မတ် ၈**

ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစကလေးငယ်များအသက်နှစ်နှစ်ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို မတ် ၆ ရက် မွန်းတည့် ၁၂ နာရီက သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၂၄)ရှိ သိမ်ကျောင်းဓမ္မာရုံတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းကို ချမ်းအေးသာစံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများက ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစနှင့် အသက်နှစ်နှစ် ကလေးငယ်များအား ပြင်းထန်တီဘီ၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး(သောက်ဆေး)၊ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်၊ ငါးမျိုးစပ်(ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်)၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး(ထိုးဆေး)ဝက်သက်ဂျိုက်သိုး၊ ဂျပန်ဦးနှောက် အမြှေးရောင်ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခြင်း၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။



(ဓာတ်ပုံ) (၀၄၁)

## ပြည်သူ့စာကြည့်တိုက်သို့ လာရောက်အသုံးပြုနေသော လူငယ်များ ပျော်ရွှင်မှုရရှိစေရန် အပျော်တမ်းစစ်တုရင်ပြိုင်ပွဲ ကျင်းပ




**ပျော်ဘွယ် မတ် ၈**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ရုံးပြည်သူ့စာကြည့်တိုက်သို့ လာရောက်အသုံးပြုနေသည့် လူငယ်များ ပျော်ရွှင်မှုရရှိစေရန်ရည်ရွယ်၍ အပျော်တမ်းစစ်တုရင်ပြိုင်ပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်ရုံး လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အပျော်တမ်းစစ်တုရင်ပြိုင်ပွဲကျင်းပပေးခြင်းနှင့် ပတ်သက်၍ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က "လူငယ်တွေအနေနဲ့ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး၊ကောင်းသောယှဉ်ပြိုင်မှုနဲ့ ယှဉ်ပြိုင်တတ်စေရန်၊ ဗဟုသုတရရှိစေဖို့စာပေဖတ်ရှုရေးတို့အပြင် အားကစားကဏ္ဍမှာလည်း စိတ်ပါဝင်စားစေရန် စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပပေးခြင်း ဖြစ်ပါတယ်"ဟု ပြောကြားသည်။ (ဓာတ်ပုံ)

လူငယ်များပါဝင်သည့် အပျော်တမ်းစစ်တုရင်ပြိုင်ပွဲကို ရှုံးထွက်စနစ်ဖြင့် ကျင်းပရာ ဝါသနာရှင်လူငယ် ၁၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာအဝင်ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**မြစ်သား မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရစ်ကန်ကျေးရွာအုပ်စု ရွာအဝင်ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကို မတ် ၇ နံနက် ၈ နာရီက အဆိုပါကျေးရွာတွင် ကျင်းပသည်။

အဆိုပါဖွင့်ပွဲတွင် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအောင်ပြည့်ဖြိုးဦး၊ အဖွဲ့ဝင် ဦးရွှေအောင်နှင့် မြစ်သားမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဌေးဝင်းတို့က ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တာဝန်ရှိသူများကျေးရွာတွင်းကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရစ်ကန်ကျေးရွာအုပ်စု ရစ်ကန်ရွာအဝင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို ကျေးရွာနေပြည်သူလူထု၏ထည့်ငွေ ၈၃၈ ဒသမ ၅၈၂၀၀ သန်းတို့ဖြင့် ကုန်ကျကာ လမ်းအရှည်ပေ ၃၀၀၀ ၊ အကျယ် ၁၀ ပေနှင့် ခြောက်လက်မထုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ကျေးရွာနေအိမ်ခြေ၅၆၅ ရှိ ကျေးလက်နေ ပြည်သူ ၂၂၃၈ ဦးတို့၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**





# ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**မန္တလေး မတ် ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၆၀ရှိ မဟာဝိဇယကျောင်းတိုက်၌ နွေရာသီကျောင်းပိတ်ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၃ ရက်မှစတင်၍ မတ် ၁၇ ရက်အထိ ၁၅ရက်တိုင်တိုင် ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် မဟာဝိဇယကျောင်းတိုက် နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ(ညီ)တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒကတို့မှ အနီးကပ် ကြီးကြပ်ပြီး သင်တန်းနည်းပြတာဝန်ခံ ဆရာမ ဒေါ်ဝင်းဝင်းငွေနှင့် ဒေါ်သန်းနုတို့ ဦးဆောင်သောဆရာ၊ ဆရာမ ခုနစ်ဦးတို့မှာ သင် ကြားပို့ချပြီး ရပ်ကွက်များမှ ကလေးသူငယ် ၁၀၀ ကျော်တို့ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၁)

# မြို့မစာကြည့်တိုက်အဆောက်အအုံ ပြန်လည်ပြုပြင် တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

**ပုသိမ်ကြီး မတ် ၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်အတွင်းရှိ မြို့မစာကြည့်တိုက်အဆောက်အအုံ ပြန်လည်ပြုပြင်တည်ဆောက်ရန် အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက အဆိုပါ မြို့မစာကြည့်တိုက်၌ ကျင်းပသည်။

မြို့မစာကြည့်တိုက် ဥက္ကဋ္ဌ ဦးလှရွှေက စာကြည့်တိုက်အဆောက်အအုံပျက်စီးနေမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ "Amem- ber Of The AP Towers Gro- up" PAN ASIA MAJES- TIC EAGLE LIMITED ကုမ္ပဏီမိသားစုမှလူမှုရေးအကျိုးပြုဌာန(CSRမန်နေဂျာ)ဒေါ်မာလာ၏စီစဉ်မှုဖြင့် လူမှုဆက်ဆံရေးဌာန လက်ထောက်မန်နေဂျာ ဦးအောင်နိုင်လင်းနှင့်အဖွဲ့က အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးလှရွှေ၊ စာကြည့်တိုက်မှူး ဦးညွန့်လှိုင်(ဖိုးလှိုင်လေး)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါမြို့မစာကြည့်တိုက်သည် နှစ်ပေါင်း (၇၅)နှစ်ကျော်ရှိပြီဖြစ်သည်။ တနင်္လာနေ့မှအပ ကျန်ရက်များတွင် နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်လျက်ရှိသည်။ စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်မျိုးစုံ သုံးသောင်းကျော်နှင့် သတင်းစာ၊ ဂျာနယ်၊ ကာတွန်း၊ စာအုပ်များရှိသည်။ စာကြည့်တိုက် ရေရှည်တည်တံ့နိုင်ရေးအတွက် အဆောက်အအုံပြန်လည်ပြုပြင်နိုင်ရန် မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၁)

*-*-*-*-*




# ကျောက်ဆည်ခရိုင်အတွင်းစိုက်ပျိုးထားရှိသည့် ဆောင်းပဲမျိုးစုံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိချိန်တွင် ရိတ်သိမ်းလျက်ရှိ

**ကျောက်ဆည် မတ် ၈**

ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် နိုင်ငံခြားဝင်ငွေရရှိစေရေးတို့အတွက် ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးထားရှိသည့် ဆောင်းပဲမျိုးစုံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိချိန်တွင် ရိတ်သိမ်းလျက်ရှိသည်။

ကျောက်ဆည်ခရိုင်အတွင်း၌ ပြီးခဲ့သည့် ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဆောင်းပဲမျိုးစုံဖြစ်သည့် ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲကြား၊ ပဲယဉ်း၊ ပဲပုပ်၊ မတ်ပဲနှင့် အခြားပဲ စုစုပေါင်း ၁၂၅၂၆၅ဧက စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိချိန်တွင် ရိတ်သိမ်းလျက်ရှိရာ ၅၀ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ညိမ်းထွေးက ပြောသည်။

"ကုလားပဲတစ်ဧကကို တင်း ၁၅ ဒသမ ၃၃၊ ပဲတီစိမ်း တစ်ဧကကို ၁၆ ဒသမ ၄၀ တင်း၊ ပဲမျိုးစုံ တစ်ဧကကို ၁၅ ဒသမ ၁၈ တင်း၊ ပဲကြီး တစ်ဧကကို ၁၂ ဒသမ ၈၃ တင်း၊ ပဲကြား တစ်ဧကကို ၁၃ ဒသမ ၈၀ တင်း၊ ပဲယင်းတစ်ဧကကို ၁၂ ဒသမ ၉၃ တင်း ထွက်ရှိတာဖြစ်ပါတယ်"ဟု ၄င်းက ပြောကြားသည်။

အဆိုပါ ကျောက်ဆည်ခရိုင်အတွင်း၌ ကျောက်ဆည်မြို့နယ်တွင် ပဲမျိုးစုံစိုက်ဧက ၅၈၃၇၅၊ စဉ့်ကိုင်မြို့နယ်တွင် ၂၂၂၄၃ ဧကနှင့် မြစ်သားမြို့နယ်တွင် ၄၄၆၄၇ ဧက စုစုပေါင်း ခရိုင်ချုပ်စိုက်ဧက ၁၂၅၂၆၅ တို့ကို စိုက်ပျိုးခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲမျိုးစုံ အထွက်နှုန်းကောင်းမွန်စေရန် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (မန္တလေးနေ့စဉ်-၅)

# မတ်ပဲဈေးနှုန်း ပြန်လည်ကျဆင်းလာ

**မန္တလေး မတ် ၈**

ပြည်တွင်းမတ်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ငွေကျပ်သိန်း ၃၀ အထက်သို့ မြင့်တက်ခဲ့ပြီးနောက် လက်ရှိတွင် တဖြည်းဖြည်း ပြန်လည်ကျဆင်းလာနေကြောင်း ပဲဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ လယ်ပိုင်းတွင် မတ်ပဲ(FAQ) တစ်တန်လျှင် ငွေကျပ် ၃၀၉ ၃၀၀၀ အထိ မြင့်တက်ခဲ့ပြီးနောက်ပိုင်း ဈေးနှုန်းများ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာခဲ့ရာ မတ် ၃ ရက်တွင် မတ်ပဲတစ်တန်လျှင် ငွေကျပ် ၃၀၁၄၀၀၀ ဝန်းကျင်သို့ ရောက်ရှိလာသည်။



လက်ရှိကာလတွင် ပြည်တွင်း၌ ပဲသစ်များ ပေါ်ထွက်လာနေခြင်းနှင့် အိန္ဒိယနိုင်ငံတွင်လည်း ဆောင်းမတ်ပဲသစ်များ စတင်ဝင်ရောက်လာတော့မည်ဖြစ်ခြင်းကြောင့် အိန္ဒိယကုန်သည်များက ချိန်ဆဝယ်ယူနေသဖြင့် မတ်ပဲဈေးကွက် ပြန်လည်အေးသွားခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

မတ်ပဲကုန်သည်တစ်ဦးက "အိန္ဒိယကို လက်ရှိ မြန်မာနိုင်ငံက မတ်ပဲတွေ ဆက်တိုက်တင်ပို့နေပါတယ်။ သူတို့နိုင်ငံမှာလည်း ဆောင်းမတ်ပဲတွေ ဝင်လာဖို့ရှိနေတော့ ကုန်သည်တွေနဲ့ ပဲခွဲစက်ရုံတွေက အဝယ်နည်းနေပါတယ်။ ဒါပေမဲ့ အိန္ဒိယမှာလိုအပ်ချက်များနေတဲ့အတွက် ဒီလ မဝယ်ရင်တောင် နောက်လတွေမှာ ပြန်ဝယ်ကြရမှာပါ"ဟု ပြောကြားသည်။

ထို့အပြင် ပြည်ပသို့ တင်ပို့ရာတွင် သတ်မှတ်သည့် FOB ပေါက်ဈေးများမှာလည်း ကျဆင်းလာခဲ့သည်။ ဖေဖော်ဝါရီ ၂၇ ရက်က FAQ မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၉၅ မှ ၉၀၅ ဒေါ်လာအထိ ရှိခဲ့သော်လည်း မတ် ၄ ရက်တွင် ၈၀၀ မှ ၈၁၀ ဒေါ်လာဝန်းကျင်အထိ ကျဆင်းလာသည်။

သို့သော် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက် ဆက်လက်မြင့်တက်နိုင်သည့်အတွက် မတ်ပဲဈေးနှုန်းများမှာ အချိန်ကြာမြင့်စွာ ကျဆင်းနေမည်မဟုတ်ဘဲ နောက်လများတွင် ပြန်လည်မြင့်တက်လာနိုင်ကြောင်း ကုန်သည်အချို့က ခန့်မှန်းထားကြသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

## ဒေသတွင်းမှ ထွက်ခွာလိုသော ဗြိတိသျှနိုင်ငံသားများအတွက် ဗြိတိန်အစိုးရက ဒူဘိုင်းမြို့မှ လေယာဉ်တစ်စင်း စီစဉ်ပေးမည်



**လန်ဒန် မတ် ၈**

ဗြိတိန်အစိုးရသည် ဒေသတွင်းမှ ထွက်ခွာလိုသော ဗြိတိသျှနိုင်ငံသားများအတွက် လာမည့် အပတ်အစောပိုင်းတွင် ဒူဘိုင်းမြို့မှ လေယာဉ်တစ်စင်း စီစဉ်ပေးမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အာရပ်စော်ဘွားများနိုင်ငံသည် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများ၏ သက်ရောက်မှုကို ဆက်လက်ခံစားနေရစဉ် ယင်းကဲ့သို့ စီစဉ်ခြင်းဖြစ်သည်။

ဝေဟင်မှ ကြားဖြတ်ဟန့်တားမှုတစ်ခုကြောင့် ကျဆင်းလာသော လက်နက်စမှန်ကာ ဒေသခံတစ်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက မတ် ၇ ရက်တွင် အတည်ပြုခဲ့ပြီး မြို့၏နိုင်ငံတကာလေဆိပ်အနီးတွင် ဒရုန်းဖြင့် တိုက်ခိုက်မှုတစ်ခုကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ဦးစွာတိုက်ခိုက်ခြင်း မခံရသရွေ့ အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်မည်မဟုတ်ဟု အီရန်သမ္မတ မာဆွတ် ပီဇက်ရှ်ကီယန် ယမန်နေ့က ပြောကြားခဲ့ကြောင်း သိရသည်။Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မြေအောက်လူကူးဥမင်လိုဏ်ခေါင်းမှန်ချပ်များ အလင်းပိတ်ဝါးထား ဝါသနာရှင်ကခုန်သူများအတွက် လေ့ကျင့်ရန်အဆင်မပြေတော့

**စင်ကာပူ မတ် ၈**

စင်ကာပူနိုင်ငံ၏ ထင်ရှားကျော်ကြားသော ပင်လယ်အော်ဘေးပန်းခြံနှင့် ရထားဘူတာရုံကို ဆက်သွယ်ထားသည့် မြေအောက်လူကူးဥမင်လိုဏ်ခေါင်းသည် ကျယ်ဝန်းသောကြမ်းပြင်များ၊ နံရံကပ်မှန်ချပ်ကြီးများနှင့် ကြည့်ရှုသူပရိသတ်အသင့်ရှိနေခြင်းကြောင့် ဝါသနာရှင်ကခုန်သူများအတွက် နှစ်ပေါင်းများစွာကြာအောင် လေ့ကျင့်ရေးကွင်းပြင်တစ်ခုသဖွယ် ဖြစ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သို့သော်လည်း ဇန်နဝါရီ ၁ ရက်တွင် ကခုန်သူများသည် ထုံးစံအတိုင်း လာရောက်လေ့ကျင့်ကြစဉ် အဆိုပါမှန်ချပ်များမှာ အလင်းပိတ်ဝါးထားခြင်းခံလိုက်ရသည်ကို တွေ့ရှိခဲ့ကြသည်။

အဆိုပါကျယ်ဝန်းသော ဥမင်လမ်းအတွင်းသို့ နေ့စဉ်နှင့်အမျှ ခရီးသွားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည် ရာပေါင်းများစွာ ဖြတ်သန်းသွားလာနေကြပြီး အများစုမှာ မြို့၏ အထင်ကရနေရာတစ်ခုသို့ သွားရောက်ကြသူများ ဖြစ်ကြသည်။

ကခုန်သူများသည် လူစည်ကားရာနေရာတွင် လမ်းသွားလမ်းလာများ၏ အသွားအလာကို အဟန့်အတားဖြစ်စေသည်ဟု လူအချို့က တိုင်ကြားခဲ့ကြကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြထားသည်။

ထိုသို့ မှန်များကို ဝါးပစ်လိုက်သည့် လုပ်ရပ်သည် နေရာလပ်ပြဿနာသာမက စင်ကာပူနိုင်ငံ၏ စည်းကမ်းတကျရှိမှုအပေါ် အလွန်အမင်း အလေးထားခြင်း၊ တိုင်ကြားမှုပြုလုပ်ရန် လွယ်ကူလွန်းခြင်းနှင့် များပြားလှသော စည်းမျဉ်း၊ စည်းကမ်းများအပေါ် ဝေဖန်ဆွေးနွေးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

Mon



## ကင်ညာနိုင်ငံ၏ မြို့တော် နိုင်ရိုဘီတွင် ညပိုင်း မိုးသည်းထန် ရေကြီးမှုများ ဖြစ်ပွား၊ လူပေါင်း ၃၀ ခန့်ကို ကယ်ဆယ်နိုင်

**နိုင်ရိုဘီ မတ် ၈**

ကင်ညာနိုင်ငံ၏ မြို့တော် နိုင်ရိုဘီတွင် ညတွင်းချင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြင်းထန်သော ရေကြီးမှုများ ဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူပေါင်း ၂၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လူပေါင်း ၃၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း အခြားလူအများအပြားမှာ မြစ်ချောင်းများအတွင်းသို့ မျောပါနစ်မြုပ်သွားခဲ့ရပြီး အချို့မှာမူ ဓာတ်လိုက်၍ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နေအိမ်အဆောက်အအုံများ ပျက်စီးခြင်းနှင့် လမ်းများပိတ်ဆို့ခြင်းများရှိနေကြောင်း ရဲတပ်ဖွဲ့က ဖော်ပြထားပြီး ကားများအတွင်း ပိတ်မိနေသူများကို ကူညီကယ်ဆယ်ရန် ကင်ညာစစ်တပ်ကို စေလွှတ်ထားသည်။

နိုင်ရိုဘီလေဆိပ်သို့ ဆိုက်ရောက်မည့် လေကြောင်းခရီးစဉ်အချို့ကို ဖျက်သိမ်းခဲ့ရခြင်း သို့မဟုတ် ကမ်းခြေမြို့ဖြစ်သော မွန်ဘာဆာမြို့သို့ လမ်းကြောင်းပြောင်းလဲ ပျံသန်းစေခဲ့ရကြောင်း သိရသည်။

Mon



## မီလန်-ကော့တီးနား ဆောင်းရာသီ မသန်စွမ်း အားကစားပြိုင်ပွဲ၌ ဗာဗရာပိုရွှန်ချီခီနာ တောင်ဆင်းနှင်းလျှောစီး ကြေးတံဆိပ်ဆု ရရှိ

**မော်စကို မတ် ၈**

မီလန်-ကော့တီးနား ဆောင်းရာသီ မသန်စွမ်း အားကစားပြိုင်ပွဲ၏ တောင်ဆင်းနှင်းလျှောစီးပြိုင်ပွဲတွင် ဗာဗရာပိုရွှန်ချီခီနာက ကြေးတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သဖြင့် ရုရှားနိုင်ငံအတွက် ပထမဆုံးသော ဆုတံဆိပ်ကို ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း အားကစားပြိုင်ပွဲတစ်ခုတွင် ရုရှားနိုင်ငံတော်အလံကို ပထမဆုံးအကြိမ် ပြန်လည်လွှင့်ထူနိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ပိုရွှန်ချီခီနာနှင့် သူမ၏ ရုရှားအသင်းဖော်များသည် နိုင်ငံတကာနှင်းလျှောစီးအဖွဲ့ချုပ်၏ ပိတ်ပင်မှုကို အားကစားခုံရုံးတွင် အယူခံအောင်မြင်ခဲ့ပြီးနောက် ဇန်နဝါရီလတွင်မှ နိုင်ငံတကာပြိုင်ပွဲများသို့ ပြန်လည်ဝင်ရောက်ခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်း အားကစားကော်မတီက ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့အပေါ် ချမှတ်ထားသော ပိတ်ပင်မှုများကို ပြီးခဲ့သည့် စက်တင်ဘာလတွင် ရုပ်သိမ်းပေးခဲ့သော်လည်း နိုင်ငံတကာ နှင်းလျှောစီးအဖွဲ့ချုပ်ကမူ အဆိုပါနိုင်ငံများမှ အားကစားသမားများအပေါ် ပိတ်ပင်ထားမှုကို ဖယ်ရှားပေးရန် ကနဦးတွင် ငြင်းဆန်ခဲ့ကြောင်း သိရသည်။

Mon

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းရှိ ပြည်နယ်နှစ်ခုတွင် လေဆင်နှာမောင်းများ တိုက်၊ အနည်းဆုံး လူရှစ်ဦး သေဆုံး

**ဝါရှင်တန် မတ် ၈**

အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းရှိ မီချီဂန်နှင့် အိုကလာဟိုးမားပြည်နယ်များတွင် လေဆင်နှာမောင်းများ တိုက်ခတ်မှုကြောင့် အနည်းဆုံးလူရှစ်ဦး သေဆုံးခဲ့ပြီး နောက်ထပ် မုန်တိုင်းများ ကျရောက်နိုင်သည်ဟု အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများက ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးနေဆဲဖြစ်သဖြင့် သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်သော်လည်း မီချီဂန်ပြည်နယ်တောင်ပိုင်းတွင် လေးဦးနှင့် အိုကလာဟိုးမားပြည်နယ်တွင် လေးဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက မတ် ၇ ရက်တွင် ပြောကြားသည်။

ယမန်နေ့က တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် အဆိုပါဒေသတစ်ခွင်တွင် အပျက်အစီးများ၊ ပြတ်တောက်နေသော လျှပ်စစ်မီးလိုင်းများနှင့် ပျက်စီးသွားသော အိုးအိမ်ပိုင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသတွင်းသတင်းဌာနများ၏ ရုပ်သံမှတ်တမ်းများတွင် ပျက်စီးသွားသည့် မော်တော်ကားများနှင့် အဆောက်အအုံများကို တွေ့ရှိရသည်။

ဂရိတ်လိတ်ဒေသမှ တက္ကဆက်ပြည်နယ်အထိ မိုးသက်မုန်တိုင်းများနှင့် ရွတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ပြီး လာမည့်နာရီပိုင်းအတွင်း လေဆင်နှာမောင်းများ ထပ်မံတိုက်ခတ်နိုင်ခြေ အနည်းငယ်ရှိနေသည်ဟု အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ Mon



## တရုတ်နိုင်ငံရှိ ဖောက်စဝက်ဂွန်ကားသုံးစွဲသူများအတွက် သီးသန့်ကားမော်ဒယ်များဖြင့် လုပ်ငန်းအဆင့်သစ် ကူးပြောင်းနေ

**ပေကျင်း မတ် ၈**

ဖောက်စဝက်ဂွန်ကားကုမ္ပဏီသည် တရုတ်နိုင်ငံရှိ သုံးစွဲသူများအတွက်သီးသန့် ရည်ရွယ်ထုတ်လုပ်ထားသော ပထမဆုံးကားမော်ဒယ်များကို ယခုနှစ်အတွင်း စတင်မိတ်ဆက်ပြီး လုပ်ငန်းအဆင့်သစ်တစ်ရပ်သို့ ကူးပြောင်းလုပ်ဆောင်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါမော်တော်ယာဉ်များကို အုပ်စု၏ တရုတ်နိုင်ငံဆိုင်ရာ လုပ်ငန်းခွဲကို သုံးနှစ်နီးပါး တာဝန်ယူကိုင်တွယ်ခဲ့သည့် အမှတ်တံဆိပ်အကြီးအကဲ ရက်ဖ်ဘာရန်းစတက်တာ၏ ဦးဆောင်မှုဖြင့် ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး မော်တော်ကားဈေးကွက်တွင် ဈေးကွက်ဝေစု ပြန်လည်ရရှိရန်မှာ အဓိကရည်မှန်းချက်ဖြစ်ပြီး အထူးသဖြင့် ဖောက်စဝက်ဂွန်ကုမ္ပဏီအနေဖြင့် ဒေသတွင်း ထိပ်တန်းကုမ္ပဏီများ၏နောက်ကွယ်တွင် များစွာကျန်ရစ်ခဲ့သည့် လျှပ်စစ်ကားကဏ္ဍတွင် ဈေးကွက်ပြန်လည်ရရှိရန် အရေးပေါ်လိုအပ်နေသည်။

တစ်ချိန်က တရုတ်ဈေးကွက်ကို လွှမ်းမိုးခဲ့သော အဆိုပါကုမ္ပဏီသည် ယခုအခါ လျှပ်စစ်ကားကဏ္ဍတွင် အဆင့် ၁၃ သို့ ကျဆင်းသွားပြီး ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌ မော်တော်ယာဉ် အစီးရေ ၄ ဒသမ ၂ သန်းခန့် တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်တွင် အစီးရေကိုးသိန်းခန့် လျော့ကျသွားခဲ့ရာ လက်ရှိအချိန်တွင် နှစ်စဉ်ရောင်းအားမှာ မော်တော်ယာဉ် အစီးရေ ၂ ဒသမ ၇ သန်းခန့်သာ ရှိတော့သည်။

လွန်ခဲ့သော ဇန်နဝါရီလအတွင်းက စုစုပေါင်းရောင်းအားတွင် ထိပ်ဆုံးနေရာသို့ ခေတ္တပြန်လည်ရောက်ရှိခဲ့သော်လည်း ၎င်းမှာ လောင်စာဆီသုံး မော်ဒယ်ဟောင်းများကြောင့် ရရှိသည့် ရေတိုအောင်မြင်မှုသာဖြစ်ကြောင်း သိရသည်။

Mon

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## စာအုပ်စင်ကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - လက်ရွေးစင်ဝတ္ထုတိုများ |
| စာရေးသူ | - နေမျိုး |
| ထုတ်ဝေသည့်စာပေတိုက် | - နှစ်ကာလများစာပေ |
| တန်ဖိုး | - ၁၈၀၀၀ ကျပ် |
| စာမျက်နှာ | - ၂၆၀ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - သည်ဖော်နိုင် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ |



စာရေးသူကိုယ်တိုင်ရေး အမှာစာနှင့် ထွက်ရှိလာသည့် လက်ရွေးစင်ဝတ္ထုတိုများစာအုပ်ဖြစ်သည်။ မဂ္ဂဇင်းများတွင် ဖော်ပြပြီး ဝတ္ထုတိုများဖြစ်ကာ အအေးလွန်ရာစုနှစ်၊ ကျွန်တော်၏ ဝဲဘက်လက်မှာ မကြာခဏ အမှားအယွင်းများကို လုပ်ဆောင်တတ်သဖြင့် ဤဝတ္ထုကို ယာလက်ဖြင့် ရေးပါသည်။ နက်ပကျွန်းဂြိုဟ်က ကြေးနန်းစာ၊ မိစ္ဆာအနှမ်း၊ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ သံပရာသီးများ၊ ဟောမန္တပြာလဲ့လဲ့စိတ်ကူး၊ ကဗျာဆရာပေါ်ထွန်းခြင်း၊ မိုးတွေနဲ့ည၊ အဓိပ္ပာယ်လွန်ဝတ္ထု၊ ထင်ပေါ်၊ အဆောက်အအုံဟောင်းကြီးတွင် နေထိုင်ခဲ့ခြင်း၊ ရန်ကုန်မြို့မှာ စိုက်တဲ့သွား၊ စာရေးဆရာ King of the Writers ၊ ထရပ်ကား၊ ကြေးရုပ်မြို့တော်အိမ်နံပါတ် ၁၇၊ ပြန်ပေးဆွဲခံရသော မန္တလေးညများ၊ ရှမ့်ဗျော်ခင်း(မြင်ကွင်းကျယ် အချစ်ဝတ္ထု)၊ မိုးဥတုနေ့ရက်များသို့၊ အဖေနှင့် သူ၏ချွေးမ၊ တွေ့ခဲ့ဖူးတဲ့ ကျားတစ်ကောင်၊ မြေအောက်ကမ္ဘာ၊ မွေးမြူထားသော အန္တများ၊ အမေ့မင်္ဂလာဆောင်မှာ ကိတ်မုန့်စားတဲ့ကောင်လေး၊ လမ်းမပေါ်ကနေ့များတို့ ဖြစ်သည်။

ခေတ်ပေါ်မော်ဒန်ဝတ္ထုများဖြစ်ရာ မန္တလေးမြို့ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ရသစုံလင်ကဗျာပန်းဥယျာဉ် |
| စာရေးသူ | - ပန်းသစ္စာ(ပုသိမ်ကြီး) |
| ထုတ်ဝေသည့်စာပေတိုက် | - တမာပွင့်စာပေ |
| တန်ဖိုး | - ၁၀၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၇၁ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - ရဲထက်(STAR) |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ |



ဆရာတော် တက္ကသိုလ်တေဇာလင်း၊ ဆရာနိုင်စေရ(မန်း တက္ကသိုလ်)၊ ဆရာသွယ်အောင်၊ ဆရာနိုင်ဗလတို့၏ အမှာစာများဖြင့် ထွက်ရှိလာသော ကဗျာစာအုပ်ဖြစ်သည်။

ကဗျာအပုဒ် ၁၀၀ စုစည်းထားပြီး စာရေးသူ၏ ဒုတိယမြောက်စာအုပ်လည်း ဖြစ်သည်။ ပထမစာအုပ်မှာ ဆောင်းပါးများစုစည်းထားသည့် "မေတ္တာလွှမ်းခြုံနှင့် သုတရသစာစုများ"ဖြစ်သည်။ စာရေးသူသည် (စကားပြေ)ဆောင်းပါးများ ရေးရာတွင် "မန်းမြေမှ ပန်းသပြေ"ကလောင်ဖြင့် ရေးကာ (ကဗျာ)ကို "ပန်းသစ္စာ(ပုသိမ်ကြီး)ကလောင်ဖြင့် ရေးဖွဲ့သူဖြစ်သည်။

ယခုစာအုပ်တွင် မြန်မာကဗျာစပ်နည်းဖြင့် ရေးဖွဲ့ထားသည့် ဘာသာရေး၊ မိဘမေတ္တာ၊ မိခင်ကျေးဇူး၊ ဆရာ့ကျေးဇူး၊ ပရဟိတနှင့် ရာသီဘွဲ့အကြောင်းအရာများကို သီကုံးစပ်ဆိုထားသည်။ မြန်မာကဗျာနှစ်သက်သူများ ဖတ်ရှုလိုပါက မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။



## ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလာစေရန် ရည်ရွယ်၍ မတ် ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။(အပေါ်ပုံ)

ရှေးဦးစွာ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတို့တွင် ဝါသနာပါသည့် ကျောင်းသား၊ ကျောင်းသူလေးများက ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များအား ပြသဆောင်ရွက်ခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**

## ဇီဝိတဒါန သွေးလှူဒါန်း

**မန္တလေး မတ် ၈**

မန္တလေးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် သွေးလိုအပ်သူ သုံးစွဲနိုင်ရန် ဇီဝိတဒါန သွေးလှူရှင်အဖွဲ့(မန္တလေး) ဥက္ကဋ္ဌ ဦးမောင်ဝင်း(ဝင်းတိုး-/စီမံ-၁၆ (မော်ဘီ)) အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းဝင် လှူမှုထူးချွန် တတိယဆင့်သည် မတ် ၆ ရက် နံနက် ၁၀နာရီက (၆၇)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းခဲ့သည်။



ထိုသွေးလှူရှင်သည် မျက်ကြည်လွှာနှင့် ခန္ဓာကိုယ်ကိုလည်း သက်ဆိုင်ရာဌာနများသို့ ကြိုတင်ဆန္ဒပြု လှူဒါန်းထားကြောင်း သိရသည်။

(ဝဲပုံ) (ကဆ)



## နွေမိန့်တပေါင်း

* ဘယ်ရပ်ဌာနီ
နေရာမသိ ဖော်မရှိဆွေး
မျှော်ကြည့်တေးဆို လွမ်းဆွေးပိုငှက်
ဆိုမြဲဆက်ခါ တွန်သံသာတော့
ရာသီမိန့်ပြောင်း လတပေါင်း ။

* ဒေသအညာ
နွေလခါဝယ် အညာလက်ပံ
ဆက်ရက်သံကဲ ဝဲပျံလေထဲ
ပွင့်နီလည်းကွေ့ ပြန့်ကျဲမြေလူး
လှပုံထူးဘိ လေရူးပွေစ
မြူတွေကကြွ နီးထတစ်ဖန်
နွေဂိမှာန် ။

* မိန့်တပေါင်းမှာ
ချိန်ခါကောင်းမို့ မြန်မာခလေ့
စဉ်မမေ့ကြ ပျော်မွေ့ရွှင်ကြည်
သဲဖြင့် တည်ထား စေတီဘုရား
စုပေါင်းအားဖြင့် တည်ထားနှစ်စဉ်
မြန်တစ်ခွင်တွင် သွင်ဟန်ထူးကဲ
တပေါင်းပွဲ ။

* ဘုရားရှင်တော်
ရှိစဉ်ခါက ကာဠုမထေရ်
တပေါင်းဂုဏ်အင် တန်ဆာဆင်လျက်
ပြည်ဝင်စေကြောင်း
လျှောက်ထားတောင်းပန်
ကြောင်းပြဝေစီ ကောင်းလှပေသည်
ရွှေဖီကြိုင်လွှမ်း တောမြိုင်တန်းမှ
မြန်းကြွဌာနီ နန်းရွှေပြည်သို့
ပြည်ဝင်ခဲ့ကြောင်း နေရှိန်လောင်းသည့်
"နွေမိန့်တပေါင်း" ။ ။

**ဝင်းမောင်(မန်း)**

# အေဝမ်းဆရာညှာ၊ ရွှာစားစိန်တင်ဟန်၊ ကိုဝင်းကြိုင်(အမရပူရ)

တေးရေးဆရာ အေဝမ်းဆရာညှာ၏ သီချင်းများက စစ်ပြီးခေတ်တွင် အလွန်ထင်ရှားခဲ့ပါသည်။ ထိုခေတ်က လူအများကြား ရေပန်းစားလှသော သီချင်းတစ်ပုဒ်မှာ ရွှေကြေးစည်သီချင်းဖြစ်ပြီး စစ်ပြီးခေတ်လူနေမှုဘဝ၏ အာသီသနှင့် ကိုက်ညီလှသည့် သီချင်းဖြစ်နေရုံမက မြန်မာတို့၏ လူမှုဘဝ အစဉ်အလာများနှင့်လည်း တစ်သားတည်းကျကာ သံစဉ်စာသား ချိုသောပျားကဲ့သို့ အရသာရှိလှပါသည်။

**ရွှေကြေးစည်... ရွှေကြေးစည်... ရွှေကြေးစည်... ရိုက်ခတ်လို့ တီးသံကြားလိမ့်မည်... အမိုက်ဓာတ်တွေ သိမ်းကြဖို့အတည်... အကျိုးမျှော်ကာနှိုးဆော်ပါရသည်...။** နိုင်ငံတကာတွင် ထင်ရှားသည့် မျက်မမြင် လူမည်းအဆိုတော် တစ်ယောက်ရှိ၏။ သူ၏အမည်မှာ စတီဗင်ဝမ်းဒါးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ထင်ရှားသည့် မျက်မမြင် တေးရေးဆရာတစ်ဦးရှိ၏။ သူ၏အမည်မှာ အေဝမ်းဆရာညှာဖြစ်၏။ အေဝမ်းဓာတ်ပြားကုမ္ပဏီက ဆရာညှာ၏ သီချင်းများကို ဓာတ်ပြားသွင်းရာ အထူးအောင်မြင်မှုရရှိခဲ့သဖြင့် ဆရာညှာကို အေဝမ်းဆရာညှာဟု ခေါ်တွင်ကြကာ ထိုအမည်ပင် တွင်သွားပါသည်။

မြန်မာနိုင်ငံ၏ ဝိသေသတစ်ခုကို ဤနေရာတွင် ကြုံကြိုက်သဖြင့် တင်ပြလိုပါသည်။ ကျောက်ခဲတစ်လုံးအကြောင်းကို သီချင်းရေးစပ်ကာ သီဆိုသည့်အခါ တစ်နိုင်ငံလုံး လူတိုင်းပါးစပ်ဖျား ရေပန်းစားသွားသည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပါသည်။ ဤကဲ့သို့သော ဖြစ်ရပ်မျိုး၊ အကြောင်းအရာမျိုးက ကမ္ဘာတွင် မရှိသလောက် ရှားလိမ့်မည်ဟုထင်ပါသည်။ ကမ္ဘာတွင် Rock in Roll ရော့ခ်အင်ရိုး (လိမ့်နေသောကျောက်တုံး)ဟူသည့် ဂီတပုံစံတစ်ခု ရှိနေသည်ကိုမူ သိကြပါသည်။ ဂိုးဂိုးဘိ၊ ချာချာဘိဟူသည့် တေးသီချင်းစည်းဝါးကိုက်ပုံစံကိုလည်း နားဆင်ဖူးပါသည်။ သို့ရာတွင် ကျောက်ခဲတစ်လုံးအကြောင်းကို သီချင်းရေးစပ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်သောသီချင်းတစ်ပုဒ်အဖြစ် ရောက်ရှိသွားသည်မှာ မြန်မာနိုင်ငံသာဖြစ်ပါသည်။ ဇော်ဝမ်းသည် စေလိုရာစေ ရုပ်ရှင်ဓာတ်ဝင်တေးအဖြစ် ကျောက်ခဲသီချင်းကို သီဆိုခဲ့ခြင်းဖြစ်ပြီး တေးရေးမှာ ဆရာမျိုးမြင့်ဆွေဟု သိရ၏။

ပြောလိုရင်းကို သွားပါမည်။ ကျွန်တော်သည် အေဝမ်းဆရာညှာ၏ တေးသီချင်းတစ်ပုဒ်ကို ဤသို့တွေ့ရ၏။

**အမျှယူတော်မူကြပါခင်ဗျာ ... သြော်...ကြားကြားသမျှ...အားရပါးရ...ဝမ်းမြောက်ဝမ်းသာစွာ...သာခု သာခု အနုမောဒနာ ... ခေါ်ကြပေမှာ ...** ဤ သီချင်းကား ရွှာစားစိန်တင်ဟန်၏ ဆရာဖြစ်သော အေဝမ်းဆရာညှာ၏ တေးတစ်ပုဒ်ဟု ကိုဝင်းကြိုင်(အမရပူရ)က ပြောပါသည်။ ကိုဝင်းကြိုင်က အမှတ်သညာကောင်းပြီး ဆက်စပ်စဉ်းစားနိုင်စွမ်းရှိသူဖြစ်ကာ ပတ်မတီး၊ လင်းကွင်းအုပ်စုံတီးသမားဘဝမှ တေးရေးဆရာတစ်ယောက်ဖြစ်လာသူပင်။ သူကပြောပြသည်မှာ ဆရာ့ရဲ့ဆရာက အမျှဝေတဲ့ သီချင်းကို ရေးသွားခဲ့တယ်။ ပြီးတော့ ဆရာက သာခုခေါ်ကြပါတော့ကို ရေးသွားခဲ့တယ်ဟုဖြစ်၏။ ဤနေရာတွင် ကြားဖြတ်၍ ရွှာစားစိန်တင်ဟန်၏ သီချင်း ဖော်ပြရန်ရှိလာပါသည်။

**သာခုခေါ်ကြပါတော့ ... သာခု ခေါ်ကြပါတော့ ... ဒီအလှူ့ဒကာကြီးရဲ့ စေတနာတွေအမှန် ... သာခုခေါ်ကြပါတော့ ... သာခုခေါ်ကြပါတော့ ဒီအလှူ့ အမကြီးရဲ့စေတနာတွေအမှန် ... ဇမ္ဗူဒီပါ တောင်ကျွန်းလုံးက... ဗျောရော စည်ရောသောသော ဆူဝေညံ ...** ဤ သာခုခေါ်ကြပါတော့သီချင်းက အလှူပွဲတိုင်းနှင့် လိုက်ဖက်လှပြီး ရွှာစားစိန်တင်ဟန် ဆိုင်းအဖွဲ့ တီးမှုတ်ဖျော်ဖြေခဲ့ကြစဉ်က အမြဲပါဝင်လေ့ရှိကာ ရွှာစားစိန်တင်ဟန်၏ သံဝါချိုဖြင့် သီဆိုခဲ့သည့် သီချင်းသံကို လူမှုကွန်ရက်တွင် ယနေ့ထက်တိုင် ကြားနိုင်၊ နားဆင်နိုင်ပါသည်။ တေးရေးဆရာ ကိုဝင်းကြိုင် (အမရပူရ)၏ စကားကို ပြန်ကောက်ရလျှင် ဆရာက သာခုခေါ်ကြပါတော့ကို ရေးပြီးသွားပြီ၊ ငါက ရေစက်ချတာကို ရေးမယ်ဟု စိတ်ဌ်အကြံဖြစ်ကာ ရေစက်ချလို့ ပြီးပါပြီ သီချင်းကို အောင်မြင်စွာ ရေးစပ် သီကုံးနိုင်ခဲ့ကြောင်း ဖွင့်ဟပြောပြခဲ့၏။ ကိုဝင်းကြိုင်(အမရပူရ)၏ သီချင်းကား တောရောမြို့ပါ ရပ်ကွက်တိုင်း၊ မွှာရုံတိုင်း၊ အလှူပွဲတိုင်းမှာ တစ်နိုင်ငံလုံးကြားကြရသည့် သီချင်းတစ်ပုဒ်အဖြစ် ရောက်ရှိခဲ့ပါသည်။

ယခုရက်ပိုင်းက လူမှုကွန်ရက်မှ တွေ့ဆုံခန်းတစ်ခုတွင် ရေစက်ချလို့ ပြီးပါပြီ သီချင်းကို အဆိုတော်က အမေး၊ အဖြေ ပြုလုပ်ဖြေဆိုခဲ့ရာတွင် သူမက တေးရေးဆရာအမည်ကို ထုတ်ဖော်ပြောပြခြင်းမရှိဘဲ သီချင်းတီးမှုတ်သူ ဆိုင်းအဖွဲ့မှ ဆိုင်းဆရာကပင် ဤတေးသီချင်းကို ရေးစပ်ခဲ့သယောင် ထင်ယောင်ထင်မှား ပြောကြားသွားခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သလို သူမအဖို့ မိမိလေးစား တန်ဖိုးထား အသိအမှတ်ပြုရမည့် တေးရေးဆရာကို ထုတ်ဖော်ပြောပြခွင့် ဆုံးရှုံးသွားရခြင်းလည်း ဖြစ်ပါသည်။

မှန်ပါသည်။ မျိုးဆက်သုံးခုမြစ်ဖျားခံခဲ့သော သီချင်းတစ်ပုဒ်မှာ **ရေစက်ချလို့ပြီးပါပြီ... တရားနာလို့ပြီးပါပြီ... အလှူတော်ကြီးလည်း အောင်ပါပြီ..** ဟူသော စာသားများပါဝင်ကာ အေဝမ်းဆရာညှာမှ ရွှာစားစိန်တင်ဟန်၊ ရွှာစားစိန်တင်ဟန်မှ ကိုဝင်းကြိုင်(အမရပူရ) အဆင့်ဆင့် စီးဆင်းဖြာကျလာသော ရေတံခွန်ပမာ အေးမြကြည်လင်နေသည်ကို တွေ့မြင်ရရုံမက ရေမှုန်ရေမွှားကလေးများပင် ထိတွေ့ရသလို ဖြစ်ပါသည်။ စာရေးသူမှတ်မိနေသည်မှာ တောင်ပိုင်းရှမ်းပြည်နယ်၊ ပင်းတယမြို့၊ ရွှေပုထိုးဘုရားရင်ပြင်ထက် ရွှာစားစိန်တင်ဟန်ဆိုင်းအဖွဲ့ရောက်ရှိခဲ့စဉ် သီချင်းတစ်ပုဒ်ကို ရေးစပ်သီကုံးနေသော သူ့ဆရာအနီးမှာ ရပ်လျက်ကြည့်နေသော ကိုဝင်းကြိုင်၏ ရုပ်ပုံလွှာဖြစ်ပါသည်။

နေမျိုး

# ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ဝတ်စားဆင်ယင်မှု ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို စောင့်ထိန်းရန်လိုပေသည်။ မြန်မာ့ယဉ်ကျေးမှုဝတ်စုံသည် ယောကျ်ားလေးများအတွက် ပုဆိုး၊ ရှပ်အင်္ကျီလက်တို၊ လက်ရှည်၊ လူကြီးများအတွက် ကော်လံမပါ လက်တို၊ လက်ရှည်၊ ရှပ်အင်္ကျီတို့ ဖြစ်သည်။ အမျိုးသမီးများအတွက် ရင်ဖုံးအင်္ကျီလက်တို၊ လက်ရှည်၊ မြန်မာချိတ်ထဘီ၊ သရက်ထည်ထဘီတို့ ဖြစ်သည်။ ဒီအဝတ်အစားများသည် လွန်ခဲ့သောကာလတစ်ခုက မြန်မာ့ရိုးရာယဉ်ကျေးမှုပုံစံ အင်္ကျီ၊ လုံချည်ထဘီများ ဖြစ်သည်။

ယနေ့ခေတ်က ပြောင်းလာသည်။ တီဗွီတွေရှိလာသည်။ ဖုန်းတွေရှိလာသည်။ တီဗွီဆိုတာ ရုပ်မြင်သံကြားဖြစ်သလို ဖုန်းဆိုတာလည်း ရုပ်မြင်သံကြားပင် ဖြစ်သည်။ တီဗွီ၊ ဖုန်းများဖြင့် ဓာတ်လမ်းများ ကြည့်ကြသည်။ တီဗွီသည် မြန်မာ့အသံရုပ်မြင်သံကြားဌာနမှ လွှင့်ထုတ်သည်။ ဖုန်းက မိမိကြိုက်သောဓာတ်လမ်းများ ဖုန်းခွေကူးဆိုင်မှာ ကူးလို့ရသည်။ ဓာတ်လမ်းလည်း အစုံရှိသည်။ တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ကိုရီးယားစသဖြင့် မျိုးစုံအောင်ရှိသည်။ ယဉ်ကျေးသောဓာတ်လမ်းများရှိသလို မယဉ်ကျေးသော ဓာတ်လမ်းများလည်း ရှိသည်။ ဓာတ်လမ်းကူးခက ၂၀၀ ကျပ်၊ ၃၀၀ ကျပ် ခန့်ရှိသည်။ ဟိုတုန်းက ရုပ်ရှင်ပိတ်ကားထောင်ကြီးတွေ ကွယ်ပျောက်သွားပြီး ယခု ဖုန်းတွေ၊ တီဗွီတွေ အစားထိုးဝင်ရောက်လာသည်။

မြန်မာ့အသံမှ ထုတ်လွှင့်သော တရုတ်၊ ကိုရီးယား၊ အိန္ဒိယကားတွေမှာ မင်းသား၊ မင်းသမီး၊ ဝတ်စားဆင်ယင်မှုတွေ ပါလာသည်။ တီဗွီရှိသူများက တီဗွီဖြင့် ကြည့်ကြသည်။ ဖုန်းရှိသူများက ဓာတ်လမ်းကူးပြီး ကြည့်ကြသည်။ တစ်ကားမကောင်းတစ်ကား လဲလှယ်ကြည့်ကြသည်။ ဓာတ်လမ်းတွေကို ကြည့်ပြီး အတုယူကြသည်။ ၁၅၊ ၁၆၊ ၁၇ နှစ်အရွယ် လူငယ်အမျိုးသမီး တော်တော်များများ ဝတ်စားဆင်ယင်မှုပြောင်းလာသည်။ မိန်းကလေး ရင်ဖုံးအင်္ကျီအစား ရင်ဆုံ၊ ယောကျ်ားရှပ်ပုံစံမျိုး အလယ်မှာ ဆုံကြယ်သီးတပ် ဝတ်ဆင်လာကြသည်။ စပို့ရှပ်ဝတ်လာကြသည်။ ခါးတိုအင်္ကျီဝတ်လာကြသည်။ ဂါဝန်အတို၊ ပေါင်လယ်ဝဲ ဝတ်ဆင်လာကြသည်။ ခြေသလုံးဝဲဂါဝန်တွေလည်း ဝတ်ကြသည်။ ဘောင်းဘီပွပွ ရှည်ရှည်တွေလည်း ဝတ်လာကြသည်။ အားကစားဘောင်းဘီတိုများလည်း ဝတ်လာကြသည်။ ခေတ်ကိုလိုက်၍ အတုခိုး ဝတ်စားဆင်ယင်မှုဖြစ်သည်။ ရှေးက မိန်းကလေးများ ခြေသလုံးသားတောင် ပေါ်အောင်မဝတ်ရဘူးဆိုတဲ့ လူကြီးသူမဆုံးမစကားမျိုး မှတ်သားမိသည်။ ဝတ်စားဆင်ယင်မှုကလည်း တစ်ဖက်လူတွေကို ဖမ်းစားတတ်သည်။ ဒီလိုဝတ်စားဆင်ယင်မှုတွေနဲ့ ကသိကအောက် ရှက်ကိုးရှက်ကန်းဖြစ်ရ၊ စကြ၊ နောက်ကြ ပုံစံမျိုးတွေလည်း တွေ့ဖူး၊ မြင်ဖူးခဲ့သည်။ တချို့ယောကျ်ားလေးများ အတော်ဆိုးသည်။ ရုပ်ပျက်အောင် နောက်ကြ၊ စကြသည်။ မြင်ရ၊ တွေ့ရပေမယ့် မပြောရဲ၊ မဆုံးမရဲပါ။ ဥပေက္ခာပြု ရှောင်သွားရသည်။

ဝတ်စားဆင်ယင်မှုကို ခေတ်နဲ့အညီ ဝတ်တယ်၊ ခေတ်မီတယ်၊ လိုက်ဖက်တယ်၊ လှတယ် ဆိုပေမယ့် ဒီဝတ်စားဆင်ယင်မှုတွေက မကောင်းသောဖြစ်ရပ်များ၊ စိတ်ပြောင်းလဲစေမှုများ ဖြစ်တတ်သည်ဆိုသည်ကိုတော့ မသိကြပေ။ ဒီလိုဝတ်စားဆင်ယင်မှုသည် မြန်မာ့ယဉ်ကျေးမှု ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်မှု နည်းနည်းပျက်လာပြီ၊ လျော့လာပြီလို့ ဆိုရပေမည်။

မြန်မာစကားပုံရှိသည်။ မိန်းကလေးတို့ဘုန်း ဆံထုံးဖြစ်သည်။ အခု ကုပ်ဝဲ၊ ကျောလယ်ချပုံစံ အမျိုးမျိုးထားကြသည်။ ဆေးဆိုးတာရှိသေးသည်။ သို့သော် ဆံပင်အကြောင်း မပြောလိုပေ။ ရှေးမြန်မာမင်းများလက်ထက် ဆံထုံးထုံးနည်း(၅၄) နည်းတောင် ရှိခဲ့တယ်ဆိုတာ လေ့လာသိရှိရသည်။ ဝတ်စားဆင်ယင်မှုကိုပဲ ပြောချင်ပါသည်။ ဝတ်စားဆင်ယင်မှုကို ခေတ်အလိုက် ဝတ်ဆင်တာမှန်ပေမယ့် မြန်မာလူမျိုးဆိုတာသတိရရင် မြန်မာဆန်ဆန် ဝတ်ဆင်ဖို့ မမေ့စေချင်၊ သတိရစေချင်သည်။ ဓာတ်လမ်းတွေကြည့်ပြီး ကိုရီးယားမတွေလို မဝတ်စေချင်၊ တရုတ်ကားတွေကြည့်ပြီး တရုတ်မတွေလို မဝတ်စေချင်၊ ဝတ်နေရင် ဝတ်ဖြစ်သွားရင်လည်း မြန်မာဆိုတာ သတိရပါ။ မြန်မာစိတ် မပြောင်းစေချင်။ မြန်မာ့ယဉ်ကျေးမှုကို ပစ်ပယ်တဲ့အဖြစ်မျိုး မဖြစ်စေချင်။

ယောကျ်ားလေးများပြောရရင် ရှပ်လက်တို၊ လက်ရှည်ဝတ်တာ နည်းသည်။ အသင့်ချုပ်ပြီး စပို့ရှပ် မျိုးစုံဝတ်ကြသည်။ အထူးသဖြင့် အနက်ရောင်ဝတ်တာ များများတွေ့ရသည်။ ဘောင်းဘီနက်၊ အင်္ကျီနက် ဝတ်ကြသည်။ အနက်ရောင်များများကြိုက်ကြသည်။ တကယ်တော့ အရောင်သဘောအရ အနက်သည် အမှောင်ရောင်ဖြစ်သည်။ လှပသစ်လွင်တဲ့ ရှပ်လက်တို၊ လက်ရှည်အကွက်ဆန်းအရောင်လှလှမျိုးစုံတွေ ရှိသည်။ အဲ့ဒါမျိုး ဝတ်စေချင်သည်။

ငယ်ရွယ်တဲ့ ၁၄၊ ၁၅၊ ၁၆၊ ၁၇ နှစ်ဆိုတဲ့ အရွယ်တွေဟာ စိတ်ကစား၊ ပျော်ချင်စိတ်၊ ပါးချင်စိတ်၊ ဝတ်ချင်စိတ်၊ လှချင်စိတ်၊ ပချင်စိတ်တွေကြောင့် မိမိမရှိလည်း အမြှုအဆွယ် လူပေါင်းများပြီး မကောင်းတာလုပ်တတ်ကြသည်။ ဝတ်စားဆင်ယင်မှုနဲ့ ဗုဒ္ဓဘာသာမှာ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဟောပြည့်ကြားတာ ရှိသည်။ '**ရှိတာလေးနဲ့ လှအောင်ဝတ်**' ဆိုတဲ့စကား မှတ်သားရမည်။ ကိုယ့်ရှိတဲ့ အထည်လေးနဲ့ သပ်သပ်ရပ်ရပ်ဝတ်ထားရင် လှပါသည်။ ကိုယ့်ထက်ငွေရှိသူ၊ ပိုက်ဆံချမ်းသာသူများ ဝတ်စား တာတွေ မကြည့်နဲ့။ သူတို့က ဝတ်နိုင်၊ စားနိုင်တဲ့လူတွေ ဖြစ်သည်။ အမျိုးမျိုးတတ်နိုင်ကြသည်။ ကိုယ်က မရှိမဲ့၊ ရှိမဲ့ တစ်နေ့လုပ်၊ တစ်နေ့စားမျိုးဆိုတော့ ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတဲ့ပိုက်ဆံလေးနဲ့ ဝအောင် စားစေချင်သည်။

ကဲ··· ဘာပဲဖြစ်ဖြစ် ခေတ်နဲ့မီအောင်ပဲ ဝတ်ဝတ် စိတ်မပြောင်းဖို့တော့ လိုသည်။ ပြင်လို့၊ ဆင်လို့ မရတဲ့အဆုံး ပြောတာ။ ပြင်ဆင်လို့ရသေးရင်တော့ မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်မှုကို မြန်မာလူမျိုးတစ်ယောက်အနေနဲ့ လိုက်နာစောင့်ထိန်းမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်ပေသည်။

ဝတ်စားဆင်ယင်မှု အတုခိုးမှားတာတွေ၊ လူပေါင်းမှားတာတွေ၊ အကြောင်းအမျိုးမျိုးကြောင့် မြန်မာ့ယဉ်ကျေးမှု လျော့ပါးပျက်စီးနေတာတွေ တွေ့ရသည်။ ကိုယ်ကလည်း ထောက်ပံ့ပေးကမ်းမှု မပြုနိုင်တော့ မသိသလိုနေရသည်။ ဒါကြောင့် မြန်မာအမျိုးသား၊ အမျိုးသမီးများကို ပြောချင်တာက စိတ်ကိုလည်း အလိုမလိုက်နဲ့ ရုပ်ကိုလည်း တအားကြီးမပြုပြင်နဲ့။ မြန်မာရဲ့ သဘာဝအလှ၊ သဘာဝယဉ်ကျေးမှုလေးတွေနဲ့ ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်ကြပါလို့ မေတ္တာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

ခင်မောင်(ငါန်းဇွန်)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၅(၂)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းအောင်အမည်ဖြင့် ချထားရရှိထားသော မြေကွက်၏တောင်ဘက်အစွန်ဆုံးခြမ်း ခဲစင်းပြဧရိယာ(၁၅×၃၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၆-၁၂-၂၀၁၉)ရက်စွဲပါ မိသားစုစီမံမှု သဘောတူကတိစာချုပ်အရ ဇနီးဖြစ်သူ ဒေါ်သိန်းလှမှ တရားဝင် အမွေခွဲဝေလက်ခံပိုင်ဆိုင်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်သိန်းလှမှာ (၁၅-၉-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးညီမှ တရားဝင်ပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီ(ဘ)ဦးထွန်းမွှား(၉/ပသက(နိုင်)၀၅၈၈၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဝင်းသန့် (LL.M)**

**တရားလွှတ်တော်ရှေ့နေ**

**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် ၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်နံပါတ်(၇၉-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅၈)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဒေါ်ခင်မြတ်နုရီ(ဘ)ဦးအေးမောင်(**PTL** -၀၂၂၂၉၉)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ မြောက်အစွန်ဆုံးခြမ်း(၁၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်၊ (ရေ+မီးအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူများဖြစ်သည့် ဦးမိုးမြင့်သော်(ဘ)ဦးဖုန်းသော်(၉/ကဆန(နိုင်)၁၄၈၇၀၀)နှင့် ဒေါ်နွယ်နွယ်ဝင်း(ဘ)ဦးမောင်ကို(၉/မရမ(နိုင်)၀၂၄၀၂၃)တို့ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ**

**ဖဖ–၄၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အမည်ပြောင်း

အဘ ဦးကျော်စိုး၏သမီး ရွှေဘိုမြို့နယ် ပန်းရံအခြေခံပညာ အထက်တန်းကျောင်းခွဲ Grade(3)မှ စိုးရတီခင်အား ဆုရတီဟု ပြောင်းလဲခေါ်ဆိုပါရန်

**မဆုရတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဝင်းဝင်းနိုင် အမည်ပေါက်ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ဝင်းဝင်းနိုင်(ခ)ဒေါ်ဝင်းမြင့်(ဘ)ဦးဗိုလ်(၉/မရမ(နိုင်)၀၅၉၈၅၆)မှ ဦးအောင်ဘို(ဘ)ဦးမှန်း(၅/ဒပယ(နိုင်)၀၆၆၂၂၇)သို့ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၉၇/၂၀၁၄)အရ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ အထူး ကိုယ်စားလှယ်လွှဲစာလက်ခံသူ ဦးအောင်ဘိုမှာ သေဆုံးကွယ်လွန်သွားပြီဖြစ်၍ လွှဲအပ်သူ အမည်ပေါက်သူ ဒေါ်ဝင်းဝင်းနိုင်(ခ)ဒေါ်ဝင်းမြင့်မှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၉၇/၂၀၁၄)မူရင်းအား မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ ပြန်လည်အပ်နှံပြီး ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းနိုင်(ခ)ဒေါ်ဝင်းမြင့်**

**(၉/မရမ(နိုင်)၀၅၉၈၅၆)**

**ဖုန်း ၀၉–၂၅၁၀၇၇၇၀၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(**H-219**)၊ ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးအောင်သန်းဦးအမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသူ ဒေါ်ခင်ခင်ထား(ဘ)ဦးမောင်ချစ်(၉/မရမ(နိုင်)၀၀၆၂၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်မေသူဝင်း(LL.B, LL.M, DBL)** **ဒေါ်မြတ်နှင်းနိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **(အထက်တန်းရှေ့နေ)**

**ရုံး – အမှတ်(၆/၄)၊ အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**အိမ်– အမှတ်(၂)၊ (ဗ–၉)၊ (ဃ)ရပ်ကွက်၊ ၁၁၅လမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း – ၀၉–၂၅၆၁၀၀၁၇၄၊ ၀၉–၃၃၅၃၃၅၇၀**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ဟိုနားကျေးရွာ၊ ကောင်းမှုလုံရပ်ကွက်နေ ဦးနေလင်းအောင်(ဘ)ဦးငွေအောင်၏ သား(၅/မမတ(နိုင်)၀၅၉၀၃၅)ကိုင်ဆောင်သူနှင့် ဒေါ်တင်တင်နု(ဘ)ဦးဌေးလွင်၏ သမီး(၅/အရတ(နိုင်)၀၉၄၃၂၈)တို့သည် (၂၅-၁၂-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏လွတ်လပ်သော သဘောဆန္ဒများအရ သတိသမ္ပဇဉ်ကောင်းမွန်စွာဖြင့် အသိသက်သေများ ရှေ့မှောက်၌ အီလက်ထရောနစ်စနစ်ဖြင့် ဝန်ခံကတိပြု ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝေဝေကျော်**

**(LL.B; DBL; DIL, DL(101)IP(Law)(WIPO)(Switzerland))**

**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၉၅၉/ ၂၀၁၆)**

**၆/၄က၊ ၅၂စီလမ်း၊ ၁၀၂လမ်းထောင့်၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေခရိုင်၊ မန္တလေးတိုင်းဒေသကြီး။**

**ဖုန်း ၀၉–၄၂၅၁၄၀၄၀၄၊ ၀၉–၇၅၅၀၈၅၁၃၃**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၀)၊ ဦးပိုင်အမှတ်(၃၃-ဆ)၊ ဧရိယာ(၀ ဒသမ ၀၀၉၆)ဧက အကျယ်အဝန်းရှိ ဆရာသာ အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံ၊ (ရေ+မီး)မီတာ(ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နီလာအောင်(ဘ)ဦးညွန့်အောင်(၉/မရမ(နိုင်)၀၀၃၉၀၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်နဝါလှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၃၈လမ်းနှင့် ၃၉လမ်းကြား၊ ၈၇လမ်း၊ အကွက်(၂၈၃)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၁၈၂၀၄၁၇**

## ပျောက်ဆုံးခြင်း(အိမ်ဆောက်မိန့်)

မန္တလေး၊ မှန်တန်းမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၃)(ခဲစင်း-၂) မြေကွက်ပေါ်တွင် ဦးတင်မောင်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ခမန(နိုင်)၁၄၇၁၇၆)က SS (၃)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်**

**ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးခြင်း(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၄၄)၊ ဦးပိုင်အမှတ်(၁-စ + ၁-ဆ + ၁-ဇ)မြေကွက်ပေါ်တွင် ဦးခင်မောင်သန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၀၃၉၁၁)က နံကပ်(၂)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်**

**ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၄၁/သမ္မတော)၊ ဦးပိုင်အမှတ်(၇၅/၁)၊ ဧရိယာ(၂ ဒသမ ၇၉)ဧကနှင့် ဦးပိုင်အမှတ်(၇၅/၄)၊ ဧရိယာ(၁ ဒသမ ၄၀)ဧက အကျယ်အဝန်းစီရှိ ဦးမြင့်မောင်အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားသည့် လယ်မြေများဖြစ်ပါသည်။ အဆိုပါလယ်မြေများ၏ အမည်ပေါက်သူ ဖခင် ဦးမြင့်မောင်သည်(၂၀၂၁)ခုနှစ်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်နိုင်နိုင်ဝင်းသည် (၂၀၁၅)ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သူ ဖခင်ကျန်ရစ်ခဲ့သည့် အထက်ဖော်ပြပါပစ္စည်းရပ်တို့အား ကျန်ရစ်သူ သားသမီး(၆)ဦးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကာ ယင်းလယ်မြေနှင့် မြေပေါ်ရှိ လုပ်ကိုင်ခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သည့် (၁) ဒေါ်မို့မို့မြင့်မောင်(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၀၈၂၂၉)၊ (၂) ဦးမိုးဇော်(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၂၄၃၀၀)၊ (၃) ဒေါ်ခင်မိုးစုကြည်(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၃၂၀၃၁)၊ (၄) ဦးမိုးရာဇာ(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၃၁၉၉၈)၊ (၅) ဦးအောင်မိုးထက်(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၈၂၉၈၁)(အစဉ် (၂)၊ (၃)၊ (၄)၊ (၅)တို့၏ ကိုယ်စားအထူးကိုယ်စားလှယ်လွှဲစာရရှိသူ အစဉ်(၁)ဒေါ်မို့မို့မြင့်မောင်) (၆) အရွယ်မရောက်သေးသူ-မောင်လင်းပြည့်ဟိန်း(ခ)မောင်ဘုန်းထက်လျှံ(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၁၁၇၁၅၀)(၄င်း၏ကိုယ်စား သဘာဝအုပ်ထိန်းခွင့်ရရှိသူ အစ်မအရင်းဖြစ်သည့် အစဉ်(၁) ဒေါ်မို့မို့မြင့်မောင်)တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မေစုမွန် (LL.B, DBL, DIL)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၁၁၈)၊ ၇၉လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ဟေမာစလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၆၁၁၃၁၁၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်မြင့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ခဲစင်းပြဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးသန့်ဇင်ဖြိုး(ဘ)ဦးမန်းတင်(၉/ခမစ(နိုင်)၀၃၉၄၆၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ်(၁၂-D)၊ (၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးလှမြင့်(ဘ)ဦးဘကြိုင်(WMDY-၃၄၀၃၇၅) အမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ဦးထိန်လင်းဖြိုး(ဘ)ဦးမောင်မောင်လေး(၉/ခမစ(နိုင်)၀၂၃၁၃၄)၊ ဒေါ်မေစန္ဒာလင်း(ဘ)ဦးမောင်မောင်လေး(၉/ခမစ(နိုင်)၀၂၃၁၃၅)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၃)၊ ဦးပိုင်နံပါတ်(၅၉-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးအောင်ဖေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယမင်းလွင်(ဘ)ဦးသန်းလွင်(၉/ခမစ(နိုင်)၀၆၂၃၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၉)၊ ဦးပိုင်အမှတ်(၆၀)ဟုခေါ်တွင်သည့် မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိအမည်ပေါက် ပိုင်ဆိုင်ထားပြီး တရားဝင် လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှိုင်မင်းချို(ဘ)ဦးထွန်းထွန်းဦး(၉/အမဇ(နိုင်)၀၂၃၂၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ မိမိ၏ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးကောင်းမြတ်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်(၄၇)၊ အနိပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၀၇၁၃၄၄၈**

## “Aura Paragon” ဆိုင်အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားနေ **ဦးဝေဖြိုးအောင်(ဘ)ဦးအောင်လွင် (၁၃/နစန(နိုင်)၀၃၆၆၆၃)** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

AURA PARAGON
DIAMOND & JEWELLERY

**“Aura Paragon”**
**စာချုပ်အမှတ် – (၁၆၉/ ၂၀၂၆)**

ကျွန်ုပ်၏မိတ်ဆွေ **ဦးဝေဖြိုးအောင်** သည် အထက်ဖော်ပြပါ **“Aura Paragon”** တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - **(၁၆၉ / ၂၀၂၆)** အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(Diamond & Jewellery)** လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးဝေဖြိုးအောင်** ပိုင် **“Aura Paragon”** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(Diamond & Jewellery)** လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်ခြင်းများမပြုလုပ်ကြပါရန်နှင့်မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ **ဦးဝေဖြိုးအောင်**၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၈)၊ ဦးပိုင်အမှတ်(၁-အ/၄)၊ ဧရိယာ(၁၉ ပေ × ပေ ၅၀) အကျယ်အဝန်းရှိသော မြေကွက်မှာ မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့မှ ဦးချစ်ဟန် အမည်ဖြင့် ပြန်လည်နေရာချထားပေးသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ရေမီတာ၊လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးငွေဝင်း(ဘ)ဦးချစ်ဟန်(၉/ပသက(နိုင်)၀၅၂၇၅၇)၊ (၂) ဒေါ်မာမာကျင်(ဘ)ဦးကျော်(၉/ပသက(နိုင်)၀၂၁၅၅၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၂)၊ ဦးပိုင်နံပါတ်(၄၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးအောင်တင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀ × ၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ (မိခင်)ဒေါ်လှလှ ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းဇော်(၉/မခန(နိုင်)၁၈၉၂၀၅)၊ ဦးအောင်ကျော်စိုး(၉/ပကခ(နိုင်)၀၁၆၈၄၂)၊ ဦးလှိုင်ဝင်းစိုး(၉/ပကခ(နိုင်)၀၁၆၈၁၀)နှင့် ဒေါ်အေးမာ(၉/ပကခ(နိုင်)၀၄၀၆၆၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** **ဦးဖြိုးသာခန့် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



စက်သုံးဆီဖူလုံမှုအတွက် သီလဝါဆိပ်ကမ်းသို့ စက်သုံးဆီသင်္ဘောများ ထပ်မံရောက်ရှိမှုကို တွေ့ရစဉ်။

# စက်သုံးဆီဖူလုံမှုအတွက် သီလဝါဆိပ်ကမ်းသို့ စက်သုံးဆီသင်္ဘောများ စဉ်ဆက်မပြတ်ရောက်ရှိ

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံအနေဖြင့် တင်သွင်းထားရှိပြီးဖြစ်သည့် စက်သုံးဆီများကို သုံးစွဲသူလက်ဝယ် အမှန်တကယ်ရောက်ရှိရေး စိစစ်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၌ စိုးရိမ်စိတ်ဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်း မဖြစ်ပေါ်စေရေးနှင့် စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲနိုင်စေရေးတို့ကို အစီအစဉ်ရေးဆွဲကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်သုံးဆီဖူလုံမှုအတွက် စဉ်ဆက်မပြတ် တင်သွင်းလျက်ရှိရာ ယနေ့တွင် သင်္ဘောတင်သွင်းရောက်ရှိမှုအခြေအနေမှာ သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ပြီး သင်္ဘော နှစ်စင်း၊ လမ်းခရီးတွင် သင်္ဘော လေးစင်း၊ ဆီတင်လျက်ရှိသည့် သင်္ဘော သုံးစင်းနှင့် ဆီတင်ရန် စောင့်ဆိုင်းလျက်ရှိသည့် သင်္ဘော ငါးစင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စပိန်လာလီဂါပွဲစဉ် (၂၇)တွင် ဗီလာရီးရဲလ်နှင့် ဂီတာဖေးတို့ နိုင်ပွဲကိုယ်စီရရှိ

**မက်ဒရစ် မတ် ၈**

စပိန်လာလီဂါပွဲစဉ်(၂၇) တွင် ဗီလာရီးရဲလ်အသင်းနှင့် ဂီတာဖေးအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက ဗီလာရီးရဲလ်အသင်းနှင့် အယ်လ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီလာရီးရဲလ်အသင်းက အယ်လ်ချီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၃၁မိနစ်တွင် ဘူခါနန်၊ ပွဲချိန် ၄၁မိနစ်တွင် မော်ရီနိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉နာရီ ၄၅မိနစ်က ဂီတာဖေးအသင်းနှင့် ဘက်တစ်အသင်းတို့ ပွဲစဉ်တွင်လည်း ဂီတာဖေးအသင်းက ဘက်တစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်လာလီဂါပွဲစဉ်(၂၇) ယှဉ်ပြိုင်ကစားအပြီးတွင် ဗီလာရီးရဲလ်အသင်းက ရမှတ် ၅၄မှတ်ဖြင့် အဆင့် (၄)နေရာ၊ ဂီတာဖေးအသင်းက ရမှတ် ၃၅မှတ် ဖြင့် အဆင့် (၉)နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀



## မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် AFC 'Pro' Diploma နည်းပြသင်တန်း (Module-I) ဖွင့်လှစ်

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံ၏ ဘောလုံးနည်းပြကဏ္ဍကို အဆင့်မြင့်မားလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC) တို့ ပူးပေါင်းစီစဉ်သည့် AFC/ MFF Pro Diploma Coaching Course Module-I ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ မိနစ် ၃၀ တွင် ရန်ကုန်မြို့ရှိ Novotel Hotel, Pathein Room ၌ ကျင်းပခဲ့သည်။




အခမ်းအနားသို့ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယ ဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများ၊ အာရှဘောလုံးအဖွဲ့ချုပ်မှ Deputy Technical Director Mr. Takeshi Ono၊ အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသော သင်တန်းဆရာနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာဖြစ်သူ Mr. Michiteru Mita၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များအား သင်တန်းသားများနှင့် တစ်ဦးချင်း မိတ်ဆက်ခြင်းပြုလုပ်ခဲ့သည်။

ယင်းနောက် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အာရှဘောလုံးအဖွဲ့ချုပ်၏ Deputy Technical Director ဖြစ်သူ Mr. Takeshi Ono က ဝမ်းမြောက်စကား ပြောကြားခဲ့ပြီးနောက် MFF မှ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့သည်။ ထို့နောက် အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသော သင်တန်းဆရာနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာဖြစ်သူ Mr. Michiteru Mita က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး တက်ရောက်လာသူများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဤသင်တန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည့် အမြင့်ဆုံးအဆင့်နည်းပြသင်တန်းဖြစ်ပြီး မြန်မာ့ဘောလုံးလောကအတွက် အလွန်အရေးပါသော ခြေလှမ်းတစ်ခုလည်း ဖြစ်သည်။ AFC 'Pro' Diploma Coaching Course ဆိုသည်မှာ အာရှဘောလုံးအဖွဲ့

စာမျက်နှာ ၆ သို့ ❍